# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၆၃)၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ၁၉-၅-၂၀၂၅၊ တနင်္လာနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး နေပြည်တော်ကောင်စီနယ်မြေအတွင်း ဝန်ကြီးဌာနအောက်ရှိ ဌာနပိုင်မြေနေရာများ၌ ငလျင်ဘေးသင့်ဝန်ထမ်းမိသားစုများနေထိုင်မည့် Modular House များ တည်ဆောက်နေမှုကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၈

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ နယ်မြေအတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက စီစဉ်ခွဲဝေပေးထားသည့် Modular House များအား ဝန်ကြီးဌာနအောက်ရှိ မြန်မာ့မီးရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနပိုင်မြေနေရာများ၌ ငလျင်ဘေးသင့်ဝန်ထမ်းမိသားစုများ နေထိုင်နိုင်ရန်အတွက် တည်ဆောက်နေမှုလုပ်ငန်းခွင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



### ရှင်းလင်းတင်ပြ

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် နေပြည်တော် ဘူတာကြီးနယ်မြေ မြောက်ဘက် စက်မှုနှင့်လျှပ်စစ်ဝန်ထမ်းအိမ်ရာများအနီး၌ ငလျင်ဘေးသင့်ဝန်ထမ်းမိသားစုများ နေထိုင်နိုင်ရန်အတွက် တည်ဆောက်ပေးနေသည့် Modular House စခန်းအမှတ်(၁)သို့ ရောက်ရှိရာ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးက မြေနေရာ အကျယ်အဝန်း၊ တည်ဆောက်နေရာချထားမှု အကွက်ချပုံစံ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ခွဲဝေပေးထားသည့် Modular House အရေအတွက်၊ ယနေ့အထိ လွှဲပြောင်းထုတ်ယူ ရရှိပြီးသည့် ပမာဏ၊ Modular House များ တည်ဆောက်နိုင်ရေး အင်ဂျင်နီယာအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ထားမှုအခြေအနေ၊ တည်ဆောက်ပြီးစီးမှု၊ တည်ဆောက်နေဆဲအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်လျက်ရှိသည့် Modular House များနှင့် အဝီစိတွင်း တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပစ္စည်းများ နေရာချထားမှု စနစ်တကျဖြစ်စေရေး၊ ရေ၊ မီး၊ မိလ္လာ လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး၊ လူနှင့် ယာဉ်များ ဝင်လမ်း၊ ထွက်လမ်းအဆင်ပြေစေရေး၊ တည်ဆောက်ရေးဝန်ထမ်းအဖွဲ့များ ဘေးအန္တရာယ်ထိခိုက်မှုမဖြစ်စေရေးတို့ကို မှာကြားသည်။

ထို့နောက် နေပြည်တော် ဘူတာကြီးနယ်မြေ တောင်ဘက် မြေနေရာ၌ သတ်မှတ်ထားသည့် Modular House စခန်းအမှတ်(၂)သို့ရောက်ရှိလာရာ မြန်မာ့မီးရထား ဦးဆောင် ညွှန်ကြားရေးမှူးက အဆိုပါနေရာတွင် မြန်မာ့မီးရထားမှ ဝန်ထမ်းမိသားစုများသာမက ဝန်ကြီးဌာနရှိ ဝန်ကြီးရုံးနှင့် အခြားဌာန ဝန်ထမ်းမိသားစုများကိုပါ နေရာချထားပေးနိုင်ရန် စီစဉ်အကွက်ချထားမှုအခြေအနေ၊ မီး၊ ရေ ရရှိရေးဆောင်ရွက်ထားမှုအခြေအနေနှင့် လွှဲပြောင်းထုတ်ယူရရှိသည့် Modular House များအားတပ်ဆင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးပြီး ဤစခန်းနေရာ၌ မြေအနေအထားအရ ရေစီးရေလာကောင်းမွန်စေရေး ကြိုတင်ဆောင်ရွက်ရန်ကိစ္စ၊ ဝင်လမ်း၊ ထွက်လမ်းများ ကောင်းမွန်ရေးကိစ္စ၊ ခြံစည်းရိုးကာရံရေး စသည့်လိုအပ်ချက်များကိုမှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ရှေ့တော်)ရုံးနယ်မြေအတွင်းရှိ Modular House စခန်းနေရာသို့ ရောက်ရှိရာ ဌာနတည်ဆောက်ရေးတာဝန်ခံက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ပြည်ထောင်စုဝန်ကြီးက Modular House များ တပ်ဆင်တည်ဆောက်နေမှု၊ အသုံးပြုမည့် ကျောက်ရေစည်များ စီစဉ်ထားမှု၊ သန့်စင်ခန်းများ နေရာချထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရေ၊ မီးရရှိရေးနှင့် ဝန်ထမ်းမိသားစုများ အမြန်ဆုံး ပြောင်းရွှေ့နေထိုင်နိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။

လက်ရှိတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက နေပြည်တော်ကောင်စီနယ်မြေအတွက် စီစဉ်ခွဲဝေပေးသည့် Modular Office ခြောက်လုံးနှင့် Modular House ၁၅၆ လုံးတို့ကို လက်ခံရရှိထားပြီးဖြစ်ရာ Modular Office လေးလုံးနှင့် Modular House ၃၄ လုံးတို့ကို တပ်ဆင်တည်ဆောက် ပြီးစီး၍ ကျန်ရှိသည် များကိုလည်း အမြန်ဆုံးပြီးစီးအောင် တပ်ဆင်တည်ဆောက်လျက် ရှိကြောင်း သိရသည်။ သတင်းစဉ်

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၈

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၅ ခုနှစ် ၊ မေ ၁၉ ရက်၊ တနင်္လာနေ့။

## ဆေးပညာရပ်ဆိုင်ရာ ဗဟုသုတမျှဝေခြင်းများ ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံမေ့ဆေးညီလာခံကို နှစ်နှစ်လျှင် တစ်ကြိမ် ပုံမှန်ကျင်းပလာခဲ့ရာ ယခုကျင်းပပြုလုပ်သည့် ညီလာခံမှာ (၁၄)ကြိမ်မြောက်ဖြစ်ပါကြောင်း၊ မေ့ဆေးအထူးကုဆရာဝန်များအနေဖြင့် အထူးကြပ်မတ်ကုသမှုများကိုပါ ပူးတွဲဆောင်ရွက်ပေးနေကြပြီး ရှောင်တခင်ဖြစ်ပေါ်တတ်သော အရေးပေါ်ကျန်းမာရေးအခြေအနေများအတွက် မကြာခဏတွေ့ကြုံရလေ့ရှိရာ မှန်ကန်စွာနှင့် မြန်ဆန်စွာဖြေရှင်းဆောင်ရွက်နိုင်မှသာ အန္တရာယ်ကင်း၍ စိတ်ချရသော ကုသမှုများ ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ယခုညီလာခံ၏ ခေါင်းစီးအနေဖြင့် Dealing with Anaesthesia Crisis : Empowering Knowledge and Sustainable Practice အဖြစ် သတ်မှတ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော ပြင်းထန်သည့် ငလျင်ကြီးကြောင့် ဆေးရုံအချို့ရှိ ခွဲစိတ်ခန်းများ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ငလျင်ပြီးပြီးချင်း ပြည်သူ့ဆေးရုံများ၌ ခွဲစိတ်ကုသမှုများ အမြန်စတင်နိုင်ရေးအတွက် ဆက်စပ်သောဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက မေ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ Melia Hotel ၌ကျင်းပသည့်(၁၄)ကြိမ်မြောက် မြန်မာနိုင်ငံ မေ့ဆေးညီလာခံဖွင့်ပွဲအခမ်းအနား၌ ပြောကြားခဲ့သည်။

၂၀၂၄ ခုနှစ်အတွင်း တစ်နိုင်ငံလုံးရှိ ပြည်သူ့ဆေးရုံများ၌ အကြီးစားခွဲစိတ်ကုသမှု ၂၄၀၀၀၀ ကျော်၊ အသေးစားခွဲစိတ်ကုသမှု ၂၂၀၀၀၀ ခန့်ကို ဆောင်ရွက်ခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ယနေ့ညီလာခံမှ ပြည်တွင်းပြည်ပ ပညာရှင်များနှင့် အတွေ့အကြုံများ ဖလှယ်ဆွေးနွေးကာ ဆေးပညာရပ်ဆိုင်ရာဗဟုသုတများ မျှဝေခြင်းမှ ရရှိလာသော အသိပညာရပ်များကို လက်တွေ့ကုသမှုနယ်ပယ်တွင် မှန်ကန်စွာအသုံးချပြီး လူနာများအတွက် စိတ်ချလုံခြုံမှုရှိသော ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်နိုင်စေရေး တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။

World Federation of Socie-ties of Anaesthesiologists (WFSA) President Dr. Carolina Haylock Loor မှ ပေးပို့သော Welcome Message Video ကိုပြသပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ပုဂံအကဖြင့် ကပြဖျော်ဖြေကာ မြန်မာနိုင်ငံမေ့ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဆေးတက္ကသိုလ်(၁) ရန်ကုန်ပါမောက္ခ၊ ဌာနမှူး (မေ့ဆေး)ပါမောက္ခ ဒေါက်တာမူမူနိုင်က ညီလာခံကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပါမောက္ခ ဒေါက်တာမူမူနိုင်၊ မြန်မာနိုင်ငံဆေးကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးခင်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအေးအောင်တို့က ညီလာခံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ခင်းကျင်းပြသထားသည့် ပညာရပ်ဆိုင်ရာပိုစတာများနှင့် ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ညီလာခံကို မေ ၁၇ ရက်မှ ၁၈ ရက်အထိ မြန်မာနိုင်ငံမှ ဆေးပညာရှင်များအပြင် ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ဘရူနိုင်းနိုင်ငံတို့မှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ၁၀ ဦးတို့က ဆေးပညာရပ်ဆိုင်ရာ ဗဟုသုတမျှဝေခြင်း၊ အတွေ့အကြုံဖလှယ်ခြင်းတို့ ဆောင်ရွက်သွားခဲ့ပြီး ပညာရပ်ဆိုင်ရာ ပိုစတာ ၁၄ ခုကို ပြသထားကာ ညီလာခံအကြိုလှုပ်ရှားမှုအဖြစ် အလုပ်ရုံဆွေးနွေးပွဲသုံးခုကိုလည်း မေ ၁၆ ရက်က ဆောင်ရွက်နိုင်ခဲ့ကြောင်း ရေးသားလိုက်ရပေသည်။

## ငလျင်ဒဏ်သင့်ပြည်သူများ ၁ နှစ်မှ ၅ နှစ်အထိ အသုံးပြုနိုင်မည့်စင်တာကို ငွေကျပ် ၃၀ ဘီလီယံ ထပ်တိုးမတည်ကာ တည်ဆောက်နေ



**မန္တလေး မေ ၁၈**

မန္တလေးနှင့် စစ်ကိုင်းဒေသများရှိ ငလျင်ဒဏ်သင့် ပြည်သူများအတွက် ၁ နှစ်မှ ၅ နှစ်အထိ အသုံးပြုနိုင်မည့် KBZ Center Mandalay ကို မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ် (၇၃)လမ်းနှင့် (၁၁၀)လမ်းတွင် တည်ရှိသည့် ၁၆ ဧကခန့် ကျယ်ဝန်းသော မြေကွက်ပေါ်တွင် တည်ဆောက်လျက်ရှိကြောင်း ကမ္ဘောဇ ဖောင်ဒေးရှင်းမှ သိရသည်။

ကမ္ဘောဇဖောင်ဒေးရှင်းအနေဖြင့် ငလျင်ဒဏ်တုံ့ပြန်ရေးအတွက် ငွေကျပ် ၁၅ ဘီလီယံကို ကနဦး မတည်လှူဒါန်းထားကာ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အနည်းဆုံး တစ်နှစ်မှ ငါးနှစ်အထိ ရေရှည်ကူညီပေးနိုင်မည့် KBZ Center Mandalay ကို ငွေကျပ် ၃၀ ဘီလီယံ ထပ်တိုးမတည်ကာ အခိုင်အမာ တည်ဆောက်လျက်ရှိပြီး စုစုပေါင်း ကျပ်ငွေ ၄၅ ဘီလီယံ မတည်ကာ နိုင်ငံတစ်ဝန်းငလျင်ဘေးသင့်ပြည်သူများအတွက် ကူညီကယ်ဆယ်ထောက်ပံ့ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

KBZ Center Mandalay တွင် ပြည်သူများအတွက် အခမဲ့ဆေးကုသခန်းများ၊ ထောက်ပံ့လှူဒါန်းရေးစင်တာ၊ လူ ၃၀၀ တစ်ပြိုင်တည်းကျွေးမွေးနိုင်မည့် အများပြည်သူ စားသောက်ခန်းမ၊ အခမဲ့ အသုံးပြုနိုင်မည့် LPG Gas မီးဖိုဆောင်များ၊ တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ရေချိုးခန်း၊ အိမ်သာနှင့် အဝတ်လျှော်စက်များအပါအဝင် သောက်ရေသန့်နှင့် သုံးရေများ အခမဲ့ ဖြန့်ဖြူးပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

## နာဂဒေသ ထိန်ညိုတောင်တွင် ရှုခင်းသာ View Point ဆောင်ရွက်ရန် စီစဉ်လျက်ရှိ

**ခန္တီး မေ ၁၈**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခန္တီး-ဆင်သေ-လဟယ်လမ်းပေါ်ရှိ ထိန်ညိုတောင်တွင် ရှုခင်းသာ View Point ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ထိန်ညိုတောင်ကို တိမ်တွေငိုတဲ့ထိန်ညိုတောင်လို့ တင်စားခေါ်ဆိုကြတယ်။ တိမ်စိုင်တိမ်ခဲတွေက တောင်ဘေးမှာ ဝေ့ဝိုက်တွဲခိုနေကြတယ်။ ထိန်ညိုတောင်မှာ ရှုခင်းသာလုပ်ပြီး စားသောက်ဆိုင် လေးတွေဝန်းရံလိုက်ရင် ထိန်ညိုတောင်ဟာ ပိုပြီးသာယာလှပသွားမှာပါ"ဟု တာဝန်ကျ ဝန်ထမ်းတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ထင်ရှားသော စာရာမေတိတောင်၊ ပတ်ကွိုင်တောင်တန်းနှင့် အမြင့်ပေ ၄၉၉၇ ပေရှိ ထိန်ညိုတောင်တို့ကို နာဂတောင်တန်းဒေသတွင် တည်ရှိပြီး နာဂမြေသည် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံနှစ်နိုင်ငံလုံးတွင် ပါဝင်ကာ ဒေသခံများက နာဂတောင်တန်း(မြန်မာ)နှင့် နာဂတောင်တန်း (အိန္ဒိယ)ဟု ခွဲခြားခေါ်ဆိုကြကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ခန္တီး-ဆင်သေ-လဟယ်လမ်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် မိုင်တိုင်အမှတ် ၃၃-၃၄ ကြား မျက်ကွယ်ကုန်းဖြတ်ခြင်းလုပ်ငန်းနှင့် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းသို့ မေ ၁၆ ရက်၊ နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။



ထို့နောက် ထိန်ညိုတောင်ရှုခင်းသာ ဆောင်ရွက်မည့်နေရာ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် လဟယ်မြို့အဝင် မိုင်တိုင်အမှတ် ၅၁-၅၂ ကြား လမ်းတာချဲ့ခြင်း လုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပင်လယ်ရေမျက်နှာပြင်အထက် ၄၃၁၃ ပေ တွင်ရှိသော လဟယ်သည် တောင်ပေါ်ဒေသဖြစ်သော်လည်း မြေပြန့်လွင်ပြင်များလည်းရှိသည်။ လဟယ်သို့ ခန္တီးမြို့တစ်ဖက်ကမ်း ဆင်သေရွာမှသွားနိုင်သည်။ ၁၉၅၂ ခုကဖောက်လုပ်ခဲ့သော ခန္တီး ဆင်သေလဟယ်လမ်းသည် ၅၆ မိုင် ဝေးပြီး ၁၉၉၀ ပြည့်နှစ်က လမ်းကို ထပ်မံပြုပြင်ရာ ၁၉၉၂ ခုတွင် ကုန်ပစ္စည်းများအလွယ်တကူ ပို့ဆောင်လာနိုင်သည်။ ဆင်သေနှင့် လဟယ်အကြား ၅၃ မိုင်ခရီးသည် အလှမ်းမကွာလှသော်လည်း နာဂတောင်တန်းများထက် မော်တော်ကားတစ်နေကုန် စီးရသောခရီးဖြစ်ကာ ထိန်ညိုတောင်ကုန်းကို ဖြတ်ကျော်ရမည်ဖြစ်ကြောင်း သိရသည်။ **(၃၉၄)**

## ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး စတိုးဆိုင်နှင့် ဆေးဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေး

**မန္တလေး မေ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် စားသုံးသူရေးရာဦးစီးဌာနသည် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးနှင့် ထုတ်ကုန်များတွင် သတ်မှတ်ကုန်ပစ္စည်းအညွှန်းများ ပါရှိရေး၊ ဈေးနှုန်းမှန်ကန်စွာ ရောင်းချစေရေးနှင့် ထုတ်ကုန်များ လုံခြုံစိတ်ချမှုရှိစေရေးအတွက် မေ ၁၅ ရက်နှင့် ၁၆ ရက်များက နံနက် ၉ နာရီမှ ၁၁ နာရီအထိ မြင်းခြံမြို့နယ်ရှိ စတိုးဆိုင်၊ ကုန်စုံဆိုင်များအား ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အလားတူ စားသုံးသူရေးရာ ဦးစီးဌာနမှ စစ်ဆေးရေးအရာရှိများသည် မိတ်ဖက်ဌာနများဖြစ်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မြင်းခြံမြို့ပေါ်ရှိ ဆေးဆိုင်များအား FDA အသိအမှတ်ပြုဆေးများ ရောင်းချရေး၊ သက်တမ်းလွန်ဆေးများ ရောင်းချမှုမရှိစေရေး ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

ပညာရေးဝန်ကြီးဌာန

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်
## "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်ပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက်နေ့မှ ဇွန်လ (၁)ရက်နေ့

ပညာရေးဝန်ကြီးဌာန

### ၂၀၂၅-၂၀၂၆ ပညာသင်နှစ်

### "အသိပေးကြေညာချက်"

- ❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
- ❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။

ပညာရေးဝန်ကြီးဌာန

"၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

### ကျောင်းအုပ်၊ ဆရာ၊ ဆရာမများအားလုံးနှင့် အရာထမ်း၊ အမှုထမ်းများအားလုံး သိရှိလိုက်နာရမည့်အချက်များ

- ❖ မည်သည့်အခကြေးငွေမျှ ကောက်ခံခြင်း/လက်ခံခြင်းမပြုရ။
- ❖ ငွေကြေး/လက်ဆောင်ပစ္စည်း တစ်စုံတစ်ရာ လက်ခံခြင်းမပြုရ။
- ❖ အတန်းတံဆိပ်၊ ကျောင်းတံဆိပ်နှင့် အခြားမည်သည့်ပစ္စည်းကိုမျှ ရောင်းချခြင်းမပြုရ။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး၊ မိဘများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပေးပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် မိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး မိဘပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး မိဘပြည်သူ အားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး မိဘ ပြည်သူအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး မိဘပြည်သူအားလုံးနှင့်ပူးပေါင်း ဆောင်ရွက်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ အသက်(၁၂)နှစ်ပြည့်ပြီး ကျောင်းသား၊ ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ရာနှုန်းပြည့် ထိုးနှံပြီးစီးနိုင်ရေး သက်ဆိုင်ရာကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းဆောင်ရွက်ရန်။

ပညာရေးဝန်ကြီးဌာန

"၂၀၂၅-၂၀၂၆ ပညာသင်နှစ်"

### မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်းများကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ် လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်များအတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့်ဆက်လက် ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ E-စီးကရက်(Vape)၊ စီးကရက်၊ ကွမ်းယာ မသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့်ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုပုံစံများစွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေးကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ပေးရန်နှင့် ဆေးကုသမှုခံယူနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ချမှတ်ထားသော စည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား သတ်မှတ် ကြိမ်ရေ ပြည့်မီအောင် ထိုးနှံကြပါရန်အတွက် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။





# ရေကြောင်းလူငယ်မောင်မယ်များ နေပြည်တော်ကောင်စီနယ်မြေရှိ စေတီပုထိုးများနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာ

**နေပြည်တော် မေ ၁၈**

နေပြည်တော်ကောင်စီနယ်မြေသို့ ရောက်ရှိနေသော ရေကြောင်းလူငယ်အခြေခံနှင့်တန်းမြင့် သင်တန်းအမှတ်စဉ်(၁/၂၀၂၅) သင်တန်းစခန်း ၁၁ ခုမှ သင်တန်းသား၊ နည်းပြ/အုပ်ချုပ်သူ ၉၂၃ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် သတ္တသတ္တာဟမဟာဇောဓိစေတီတော်ကြီးနှင့် ဖွား၊ ပွင့်၊ ဟော၊ စံ သံဝေဇနိယလေးဌာနသို့ သွားရောက်လေ့လာဖူးမြော်ကြည်ညိုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ရေကြောင်းလူငယ်မောင်မယ်များသည် သူရဲကောင်းဗိမာန်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၅-၂၀၂၆ ပညာသင်နှစ်"
## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေး အစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG) သင်ရိုးသစ်
၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း (Grade 1) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grdae 2) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ(၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

(ဋ) ဒသမတန်း (Grade 10) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့် ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂)ချောင်း

(ဌ) ကောဒသမတန်း (Grade 11) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၁၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၈။ ကာယပညာ(သို့မဟုတ်)အနုပညာ(ပန်းချီ)(သို့မဟုတ်) အနုပညာ(ဂီတ) ၁၉။ ဗလာစာအုပ် (၁)ဒါဇင် ၂၀။ ဘောပင် (၂)ချောင်း ၂၁။ ခဲတံ (၂) ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12) သင်ရိုးသစ်
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု+ရူပ+ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း+ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်+သမိုင်း)(ဓာတု+ရူပ+ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ်(၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ(၂) ချောင်း

## ဟွေထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်းကို ဘဏ္ဍာနှစ်အလိုက် တည်ဆောက်လျက်ရှိ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လဟယ်မြို့နယ်တွင် ဟွေထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်းကို ဘဏ္ဍာနှစ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟွေထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်းကို ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေးက တည်ဆောက်နေခြင်းဖြစ်ပြီး ဟွေထိုက်ချောင်းပေါ်တွင် ရေထိန်းတမံတစ်ခုတည်ဆောက်၍ ရေသိုလှောင်ပြီး ရရှိလာမည့် ရေအားအမြင့်ကိုအသုံးပြုကာ ၄ မဂ္ဂါဝပ် တပ်ဆင်စက်အင်အားရှိ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၂၀ ဒသမ ၃၈၁ ကီလိုဝပ်နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

"တည်ဆောက်ရေးလုပ်ငန်းတွေ စံချိန်စံညွှန်းမီ အရည်အသွေးကောင်းမွန်စွာ တည်ဆောက်ပြီးစီးရေး၊ ကုန်ကြမ်းပစ္စည်းတွေ လုပ်ငန်းခွင်ကို အချိန်မီရောက်ရှိဖို့နဲ့ သတ်မှတ်ကာလအတွင်း တည်ဆောက်ရေးလုပ်ငန်းတွေပြီးစီးအောင် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောသည်။

ဟွေထိုက်အသေးစားရေအားလျှပ်စစ်စီမံကိန်းသို့ မေလ ၁၆ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်(၂)တည်ဆောက်ရေးတာဝန်ခံက တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

(၃၉၄)

## Bagan Plastic Campaign အဖွဲ့က
## စွန့်ပစ်ပလတ်စတစ်အမှိုက်များ လိုက်လံကောက်ယူ ရှင်းလင်းဆောင်ရွက်

ညောင်ဦး မေ ၁၈

မန္တလေးတိုင်းဒေသကြီး ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပရေးအတွက် Bagan Plastic Campaign အဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က မေ ၁၇ ရက် နံနက်ပိုင်းတွင် ပုဂံမြို့ဟောင်း သရပါတံခါးတွင် စုရပ်ပြုလုပ်၍ အဖွဲ့နှစ်ဖွဲ့ခွဲပြီး စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် လိုက်လံကောက်ယူရှင်းလင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် "ပုဂံဝန်းကျင်သာယာဖို့ ပလတ်စတစ်အမှိုက်တွေရှင်းကြစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ Bagan Plastic Campaign အဖွဲ့ဦးဆောင်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများက အဖွဲ့နှစ်ဖွဲ့ခွဲပြီး ပုဂံမြို့ဟောင်း သရပါတံခါးတွင် စုရပ်ပြုလုပ်၍ နန်းတော်ရာ၊ ရွှေဂူကြီးဘုရား၊ သဗ္ဗညုဘုရား၊ အနန္ဒာဘုရားကြီး ပရိဝုဏ်ဝန်းကျင်နှင့် ယာဉ်ရပ်နားကွင်းများရှိ စွန့်ပစ်ပလတ်စတစ်အမှိုက်များကို အမှိုက်သိမ်းယာဉ်ဖြင့် စနစ်တကျ ကောက်ယူရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါ စွန့်ပစ်ပလတ်စတစ်အမှိုက်များ ကောက်ယူရှင်းလင်းခြင်းလုပ်ငန်းတွင် ပါဝင်ကူညီဆောင်ရွက်ခဲ့ကြသူများကို စေတနာရှင်အလှူရှင်များက သောက်ရေသန့်၊ ကော်ဖီ၊ အီကြာကွေး၊ စမူဆာ၊ မုန့်ကြွပ်တို့ဖြင့် ဝေငှကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။



ရဲဝင်းနိုင်(ညောင်ဦး)

## ပထမအကြိမ် အာဆီယံ ဒူးရင်းပွဲတော်အတွက် မြန်မာပါဝင်ရန် ဖိတ်ခေါ်



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့ရှိ အာဆီယံ-တရုတ်စင်တာ (ASEAN-China Centre – ACC) မှ ကြီးမှူး၍ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လအတွင်း "Bridging Tastes" ခေါင်းစဉ်ဖြင့် ပထမအကြိမ် အာဆီယံ ဒူးရင်းပွဲတော်ကို ကျင်းပမည်ဖြစ်ပြီး မြန်မာမှ ပါဝင်ပြသရန် ဖိတ်ခေါ်ထားသည်။ **(အပေါ်ပုံ)**

အာဆီယံအဖွဲ့ဝင်နိုင်ငံများအား ဒူးရင်းသီးနှင့် ဒူးရင်းသီးအခြေခံထုတ်ကုန်များ(သို့မဟုတ်) အခြားစားသောက်ကုန်များကို ပြသရန် ဖိတ်ခေါ်ထားခြင်းသည်။

ACCမှ သက်ဆိုင်ရာ သံရုံးများအတွက် ပြသစင် (Booth) တစ်ခု အခမဲ့ စီစဉ်ပေးမည်ဖြစ်ပြီး ပါဝင်ပြသလိုသည့် သံရုံးများအနေဖြင့် ACC မှ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရန်အတွက် Survey Questionnaire နှင့် QR Code Form များကို မေလ ၃၀ ရက် နောက်ဆုံးထား ဖြည့်စွက်ရမည်ဖြစ်ကြောင်း အသိပေးထားသည်။

ယင်းတွင် ASEAN - China Centre – ACC အနေဖြင့် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ လာရောက်ပြသလိုပါက မြန်မာသံရုံးအတွက် စီစဉ်ပေးထားသည့် ပြသစင်နေရာတွင် ပါဝင်ပြသနိုင်ပြီး အသွားအပြန် လေယာဉ်လက်မှတ်ခနှင့် တည်းခိုနေထိုင်စရိတ်များကို မိမိအစီအစဉ်ဖြင့် ကျခံရမည်ဖြစ်ကြောင်း သိရသည်။

ပထမအကြိမ် အာဆီယံ ဒူးရင်းပွဲတော်သို့ မြန်မာလုပ်ငန်းရှင်များအနေဖြင့် လူကိုယ်တိုင် တက်ရောက်၍သော်လည်းကောင်း၊ လူကိုယ်တိုင်မတက်ရောက်နိုင်ပါက ပြသလိုသည့် ထုတ်ကုန်ပစ္စည်းများကို ပို့ပိုးပေးခြင်းဖြင့် ပါဝင်ပြသနိုင်ကြောင်း သိရသည်။

ပါဝင်တက်ရောက်ပြသလိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း ၀၆၇ ၄၀၈၆၂၃၊ email: event.td.myantrade@gmail.com သို့ ဆက်သွယ်စုံစမ်းစာရင်းပေးသွင်းနိုင်ကြောင်း မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က အသိပေးထားသည်။

(မန္တလေးနေ့စဉ်-၆)

# ပျော်ဘွယ်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူပွဲ ကျင်းပ

**ပျော်ဘွယ် မေ ၁၈**

ပျော်ဘွယ်မြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ သီတင်းပတ် အထိမ်းအမှတ်ဆိုင်းဘုတ်စိုက်ထူပွဲကို ယနေ့ နံနက် ၈ နာရီခွဲက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအနီး ရန်ကုန်-မန္တလေးကားလမ်းမဘေး၌ စိုက်ထူခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာန၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ "ကျောင်းနေအရွယ်ကလေးအားလုံး စဉ်ဆက်မပြတ်သင်ယူဖို့ ကျောင်းအပ်နှံကြပါစို့"ဟူသော ဆောင်ပုဒ် ပါဝင်သည့် ဆိုင်းဘုတ်အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်မာမာအေးနှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက စုပေါင်းစိုက်ထူပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ပျော်ဘွယ်မြို့နယ်တွင် အခြေခံပညာကျောင်းပေါင်း(၂၄၁)ကျောင်း၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း(၁၅)ကျောင်း၊ ကိုယ်ပိုင်အထက်တန်းကျောင်း(၅)ကျောင်းရှိပြီး ကျောင်းအပ်နှံရေးသီတင်းပတ်ဖြစ်သည့် မေလ ၂၂ ရက်နေ့မှစတင်ကာ သက်ဆိုင်ရာကျောင်းအသီးသီး၌ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

# မဟာမုနိဘုရားကြီး ဂန္ဓကုဋိတိုက်၊ ပြတိုက်၊ စောင်းတန်း၊ မုခ်ဦးပြာသာဒ်များ ဘက်စုံပြုပြင်ရန် အလှူငွေများလှူဒါန်း

**မန္တလေး မေ ၁၈**

မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သော မဟာမုနိဘုရားကြီး၏စိန်ဖူးတော်အား အသစ်ပြန်လည် တင်လှူမည်ဖြစ်သည်။ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ကြီးကို ပြန်လည်ပြုပြင်ပြီး ရောင်တော်ဖွင့်ပူဇော်မည်ဖြစ်သည်။

ထိခိုက်ပျက်စီးခဲ့သော မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီး ဘက်စုံပြုပြင်ရန် အနယ်နယ်အရပ်ရပ်မှ အလှူငွေများလာရောက်လှူဒါန်းလျက်ရှိရာ မေ ၁၇ ရက် နံနက်ပိုင်းက ဒေးဒရဲမြို့နယ်ဆရာတော်ကြီးများ ဦးဆောင်သော လူသားချင်းစာနာမှု အကူအညီပေးရေးအဖွဲ့က ငွေကျပ်သိန်း(၅၀)၊ ချမ်းအေးသာစံမြို့နယ်နေ ဖခင်ကြီး ဦးအေးမြင့်အား အမှူးထား၍ ဦးဝင်းစိန်+ဒေါ်သန်းသန်းဝင်းက ငွေကျပ်သိန်း(၅၀)၊ ထိုင်းနိုင်ငံ၊ ကျိုင်းမိုင်မြို့မှ ဆရာ တော်ဦးဆောင်ပြီး တပည့်ဒါယကာ၊ ဒါယိကာမများက ငွေကျပ်(၆၆)သိန်း(၇)သောင်း၊ ရန်ကုန်မြို့နေ ဦးမိုးသူ+ဒေါ်နိုင်ဝတ်မှုံ မိသားစုက ငွေကျပ်(၂၅)သိန်း၊ မဟာဂန္ဓာရုံဆွမ်းကပ်အဖွဲ့ (ရန်ကုန်၊ မန္တလေး၊ ကသာ)က ငွေကျပ်(၁၀)သိန်းတို့ကို လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် ဂေါပကအဖွဲ့ဝင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။

မဟာမုနိဘုရားကြီး ဂန္ဓကုဋိတိုက်ပြုပြင်ရန်၊ ပြတိုက်များပြင်ဆင်ရန်၊ စောင်းတန်းများပြုပြင်ရန်၊ မုခ်ဦး ပြာသာဒ်များပြုပြင်ရန်နှင့် ဘက်စုံ ပြုပြင်ရန်အတွက် အလှူငွေလှူဒါန်းလိုသော အလှူရှင်များ အနေဖြင့် KBZBank ငွေစာရင်းအမှတ် ၀၈၇၃၀၂၀၆၁၀၀၄၄၉၁၀၁ နှင့် UAB ဘဏ်ငွေစာရင်းအမှတ် ၀၁၇၁၃၀၁၀၀၀၁၂၂၅၉နှင့် နိုင်ငံခြားငွေစာရင်းအမှတ် ၀၁၇၀၁၂၁ ၀၀၀၀၀၇၅၀နှင့် ဖုန်း-၀၉ ၄၄၄၀ ၄၄၄၇၅၊ ၀၉-၄၀၂၅ ၉၉၉၁၃၃သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။**မောင်ပြည်သူ(မန္တလေး)**



| အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၇)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| အဲဗာတန် | ၂ | - | ၀ | ဆောက်သမ်တန် |
| ဝက်စ်ဟမ်း | ၁ | - | ၂ | နော်တင်ဟမ် |
| ဘရန့်ဖို့ဒ် | ၂ | - | ၃ | ဖူလ်ဟမ် |
| လက်စတာ | ၂ | - | ၀ | အစ်ဆွစ်ချ် |

# သုံးကြိမ်မြောက် Myanmar Fight မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် မေ ၁၈

အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group (MMAG)တို့ ပူးပေါင်းစီစဉ်သည့် Myanmar Fight မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလက်ဝှေ့ရုံ၌ သုံးချီပြိုင်ပွဲတွဲဆိုင်း ၁၂ ဆိုင်းဖြင့် ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် မြင့်မြတ်မောင် (ပဲခူးကလပ်) နှင့် ရှိုင်းထက်အောင် (ကျားဘုရင်)တို့ နှစ်ဦးစလုံး လက်ရည်တူကြကာ ပူးတွဲသရေကျခဲ့သည်။ သီဟ(တော်ဝင်ရော)နှင့် ရာဇာထွန်း(RAY)တို့ပြိုင်ပွဲတွင် ရာဇာထွန်း လက်သီးထိုးချက်ကြောင့် သီဟ ဒုတိယအချီ အနားတောင်းခဲ့ပြီး တတိယအချီ၌ ရာဇာထွန်းခြေကန်ချက်ဖြင့် သီဟကိုအလဲထိုးအနိုင်ရရှိခဲ့သည်။ မင်းထက်မိုက်(MK 1) က ရန်နိုင်ထွန်း(ရိုးရာသွေး)ကို ဒုတိယအချီတွင် အလဲထိုးနိုင်ခဲ့သည်။ နီဇန်ဗော့(Dojo 9) နှင့်ကျိုးဝါး(ကျားမနိုင်)ပြိုင်ပွဲတွင် ကျိုးဝါးလက်သီးကြောင့် နီဇန်ဗော့ ဒုတိယအချီ၌ အနားတောင်းခဲ့ရပြီး တတိယအချီပြည့်ထိ နီဇန်ဗော့ထိုးခဲ့ရာ ပူးတွဲသရေကျခဲ့သည်။ ပြည့်ဖြိုးမောင်(ကျားဘုရင်) ခြေကန်ချက်၊ လက်သီးထိုးချက်ကြောင့် အောင်ကိုဦး(M.F.C) တတိယအချီတွင် အမှတ်စဉ် သုံးကြိမ်ရေတွက်ခံရကာ အရှုံးပေးလိုက်ရသည်။ ဝေယံမင်းသူ(ပဲခူးကလပ်) လက်သီးများကြောင့် ပထမအချီတွင် ပိုင်ကြီး(ရိုးရာသွေး)ကို အလဲထိုး အနိုင်ရရှိသွားသည်။ အောင်ကောင်းခန့် (STL)က ဖိုးခွား(ရိုးရာသွေး)ကို ပထမအချီတွင် အလဲထိုးနိုင်ခဲ့ပြီး ရှိန်းထက်အောင်(ရန်ကြီးအောင်)နှင့် သန့်သူရစိုး(YMA) ပြိုင်ပွဲက အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့၍ ဓနု(PLP)နှင့် ညီဝဏ္ဏ(ကျားဘုရင်)ပြိုင်ပွဲမှာ သရေဖြစ်ခဲ့သည်။ လျှမ်းထက်အောင် (9-ကလပ်)က သူရအောင်(Holy Power) ကို တတိယအချီတွင် အနိုင်ယူခဲ့သည်။ ကောင်းထက် (ကျားဘုရင်)နှင့် လင်းဘုန်းဦး(Dojo 9) တို့ အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့သည်။ မင်းခန့်(ရိုးရာသွေး) လက်သီးကြောင့် ကောင်းထက်ဇော်(STL) ပထမအချီတွင် အနားတောင်းခဲ့ရပြီး ကောင်းထက်ဇော် သက်လုံကောင်းကာ ဒုတိယအချီတွင် ကောင်းထက်ဇော် ဒူးတိုက်ချက်ကြောင့် မင်းခန့်ကို အလဲထိုးအနိုင်ရရှိသွားသည်။

အဆိုပါ မျိုးဆက်သစ်ပြိုင်ပွဲများ ကျင်းပခဲ့သည်မှာ ၂၂ ကြိမ်ရှိခဲ့ပြီး ၂၀၂၅ ခုနှစ်အတွင်း သုံးကြိမ်မြောက် ကျင်းပခဲ့ခြင်းဖြစ်၍ ယခုပြိုင်ပွဲတွင် ကလပ်ပေါင်း ၁၄ ခု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယင်းပြိုင်ပွဲများကို လစဉ်ကျင်းပလျက်ရှိပြီး မြန်မာ့စီးပွားရေး ဦးပိုင် အမိက ကူညီပေးထားကာ ရန်ကုန်တိုင်းဒေသကြီး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အစိုးရအဖွဲ့က ပံ့ပိုးပေးထားသည်။ **အာကာစိုး**




## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ်(Public Feedback Programme-PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှု လုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။




**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# စွန့်လွှတ်စွန့်စား မီးသတ်သမား ဖွဲ့စည်းဆောင်ရွက် ပြည်သူ့အတွက်

(၄-၅-၂၀၂၅)ရက် စာမျက်နှာ-၁၇ မှအဆက်

၁၉၃၂ ခုနှစ်တွင် မြူနီစီပါယ်အက်ဥပဒေအရ စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ကြပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ပညာရေးနှင့်ဒေသန္တရအုပ်ချုပ်ရေးဌာန၏ အမိန့်အရမီးဘေးတားဆီးရေးနှင့် မီးဘေးကာကွယ်ရေးကိစ္စရပ်များကို ဆောင်ရွက်ရန် စေတနာ့ဝန်ထမ်းမီးသတ်တပ်ဖွဲ့ကို စတင်ဖွဲ့စည်းခဲ့ကြသည်။

၁၉၃၇ ခုနှစ်၊ ၁၉၃၉ ခုနှစ်များတွင် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားအတွက် မြန်မာနိုင်ငံသားများ ပါဝင်သော စေတနာ့ဝန်ထမ်းမီးသတ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြပြန်သည်။

လွတ်လပ်ရေးကြိုးပမ်းမှုကာလဖြစ်သော ၁၉၄၆ ခုနှစ်၊ မေ ၅ ရက်တွင် ပထမအကြိမ် ဗမာနိုင်ငံလုံးဆိုင်ရာ စေတနာ့ဝန်ထမ်းမီးသတ်အစည်းအရုံးများကို စုစည်းနိုင်ရန်အတွက် မီးသတ်အစည်းအရုံးညီလာခံကို ရန်ကုန်မြို့ရှိ ဖိနတ်အစ္စလာမ်အမျိုးသမီးကျောင်းတွင် မြန်မာတစ်နိုင်ငံလုံးရှိ ခရိုင် ၁၉ ခရိုင်မှ ကိုယ်စားလှယ်ပေါင်း ၁၉၇ ဦး တက်ရောက်ခဲ့ကြပြီး နာယကလူကြီးများအဖြစ် ဗိုလ်ချုပ်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို၊ ဦးဘဂျမ်း၊ သခင်မြ၊ ဦးဖေကြီး၊ ဦးစိုးညွန့်၊ ဟသ်ာတ ဦးမြ၊ မြန်မာ့အလင်း ဦးတင်၊ ပျော်ဘွယ်ဦးမြ၊ သခင်သန်းထွန်း၊ ဦးဘဝင်း၊ ဗန္ဓုလဦးစိန်တို့က ဆောင်ရွက်ပြီး ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်မိန့်ခွန်းပြောကြားခဲ့သည်။ ထိုနေ့ မေ ၅ ရက်ကိုလည်း မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်။ ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် ပညာရေးနှင့်ဒေသန္တရအုပ်ချုပ်ရေးဌာန၏ အမိန့်အရ မီးဘေးတားဆီးရေးနှင့် မီးဘေးကာကွယ်ရေးကိစ္စများ ဆောင်ရွက်ရန် မီးသတ်ဌာနကို ဦးလှကျော်အပါအဝင် ညွှန်ကြားရေးမှူး တစ်ဦး၊ အမှုထမ်း၊ အရာထမ်း ၂၁ ဦးဖြင့် စတင်ဖွဲ့စည်းပေးခဲ့ကြသည်။ ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၈ ရက်တွင် မီးသတ်ဝန်ထမ်းအက်ဥပဒေအမှတ် (၆) ကို ပြဋ္ဌာန်းပြီး ပြည်ထဲရေးဝန်ကြီးဌာနခွဲက နိုင်ငံတော်အစိုးရမီးသတ်ဌာနတွင် မီးသတ်ဝန်ထမ်း ၆၃၆ ဦးဖြင့် ဖွဲ့စည်းခဲ့ပြန်သည်။ မီးသတ်တပ်ဖွဲ့ကို အခြားသော လက်နက်ကိုင်အဖွဲ့အစည်းများကဲ့သို့ စည်းကမ်းသေဝပ်သော အဖွဲ့အစည်းဖြစ်လာစေရန် ရည်မှန်းချက်ဖြင့် ၁၉၆၃ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်တွင် ပထမဦးဆုံး မီးသတ်ဥပဒေအသစ်ကို ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်အမှတ် (၅၅) ဖြင့် ထုတ်ပြန်ရေးဆွဲပြဋ္ဌာန်းပေးခဲ့သည်။

ဤဥပဒေအရ ရန်ကုန်မြို့၊ မြူနီစီပါယ်မီးသတ်နှင့် အခြားဒေသန္တရမီးသတ်တပ်ဖွဲ့များကို ၁၉၆၃ ခုနှစ်၊ အောက်တိုဘာ ၁ရက်မှစ၍ လွှဲပြောင်းရယူခဲ့ပြီး အကွဲကွဲအပြားပြားဖြစ်နေသော စေတနာ့ဝန်ထမ်းမီးသတ်အဖွဲ့အစည်းများကို အရန်မီးသတ်အဖြစ်လည်းကောင်း ဘုတ်ကော်ပိုရေးရှင်းမီးသတ်တပ်ဖွဲ့များကို သီးသန့်မီးသတ်တပ်ဖွဲ့များအဖြစ်လည်းကောင်း ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည်။

၁၉၇၂ ခုနှစ် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက်တွင် စနစ်သစ်ဖော်ထုတ်ချက်အရ အခြားဌာနများမှ ဝန်ထမ်း ၄၄၈ ဦး ပြောင်းရွှေ့လာရာ မီးသတ်ဌာနတွင် ဝန်ထမ်းအင်အား ၁၇၈၉ ဦး အထိ တိုးတက်လာပြီး (၂၄)နာရီတာဝန်ထမ်းဆောင်ရသော မီးသတ်တပ်ဖွဲ့ဖြစ်လာခဲ့ပြီး ၁၉၈၀ ပြည့်နှစ်တွင် ရိက္ခာလစာငွေစတင်ခံစားခွင့်ရရှိသော ဌာနအဖွဲ့အစည်း ဖြစ်လာခဲ့ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (န·ဝ·တ) အစိုးရလက်ထက် ၁၉၉၁ ခုနှစ် ဒီဇင်ဘာလတွင် မီးသတ်ဖွဲ့စည်းပုံကို အင်အား ၂၅၈၁ ဦးအထိ တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် မီးသတ်လုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်နိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနမှ အသစ်တိုးချဲ့ဖွဲ့စည်းခဲ့သည့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးခဲ့ပြန်သည်။

၂၀၁၂ ခုနှစ်၊ နိုဝင်ဘာ ၆ ရက်တွင် မီးသတ်ဦးစီးဌာနကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပြည်ထဲရေးဝန်ကြီးဌာနအောက်သို့ ပြန်လည်လွှဲပြောင်းခဲ့ပြန်သည်။

၂၀၁၅ ခုနှစ်၊ မတ် ၁၇ ရက်တွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဥပဒေကို ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းခဲ့ကြပြီး ၂၀၁၅ ခုနှစ်၊ ဩဂုတ် ၂၁ ရက်တွင် နည်းဥပဒေကို ထုတ်ပြန်ပေးခဲ့၍ ယနေ့အချိန်အထိအထက်ပါ ဥပဒေနှင့်အညီ မီးသတ်တပ်ဖွဲ့၏အဓိက တာဝန်ကြီး (၅)ရပ် ဖြစ်သည့် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေး၊ မီးငြိမ်းသတ်ရေး၊ လူမှုရေးနှင့် နိုင်ငံတော်၏အရန်အင်အားဖြစ်စေရေးတို့ကို စွမ်းစွမ်းတမံဆောင်ရွက်နေပြီး ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကူညီစောင့်ရှောက်ပေးနေသောအဖွဲ့အစည်းပင် ဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ရှေးမြန်မာမင်းများလက်ထက်မှစ၍ ယနေ့တိုင် နိုင်ငံအတွင်းဖြစ်ပေါ်နေသော မီးဘေးအန္တရာယ်နှင့် သဘာဝဘေးအန္တရာယ်များကို ကူညီဆောင်ရွက်ပေးနေကြပြီး လူမှုရေး၊ ဘာသာရေး၊ သာသနာရေးလုပ်ငန်းများကို ထဲထဲဝင်ဝင် ပါဝင်ကူညီဆောင်ရွက်ပေးနေကြသဖြင့် မွန်မြတ်သော ပရဟိတစိတ်ထားရှိသူများသာဖြစ်၍ ချီးကျူးဂုဏ်ပြုထိုက်သူများပင် ဖြစ်ပေသည်။

မန္တလေးမြို့၏ မီးလောင်မှုဖြစ်ပွားခဲ့သော သမိုင်းကြောင်းများကို ပြန်လည်လေ့လာလျှင် အပူပိုင်းဒေသဖြစ်သည့်အားလျော်စွာ ရှေးမြန်မာမင်းများလက်ထက်ကစ၍ ယနေ့ခေတ်ကာလတိုင်အောင် ကြီးမားသော မီးလောင်မှုများစွာကို ကြုံတွေ့ခဲ့ရသည်။ အသက်အိုးအိမ်စည်းစိမ်ပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ၁၂၄၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ရက်နေ့တွင် မန္တလေးအနောက်ပြင်မှ စတင်လောင်ခဲ့သောမီးသည် အိမ်ခြေ ၂၀၀ ကျော်နှင့် မဟာမုနိအနောက် စောင်းတန်းနှင့်ရွှေရေးဆောင်တို့ ပြာကျခဲ့ရသည်။

၁၂၄၅ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်တွင် လောင်ကျွမ်းခဲ့သောမီးကြောင့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ရွှေသားမကိုဋ်တော်၊ နားပန်တော်၊ စလွယ်တော်နှင့်ရွှေသင်္ကန်းတော်များ ပျက်စီးခဲ့ရပြန်သည်။ ၁၉၄၂ ခုနှစ်၊ ဧပြီ ၂၅ ရက်တွင် မဟာမုနိဘုရားကြီး မြောက်ဘက် မြင်းဝန်တိုက်၏အနောက်ဘက်ရပ်ကွက် မီးလောင်ခဲ့ရာ ရပ်ကွက်သာမက ဘုရားကြီးမြောက်စောင်းတန်းမုခ်ဦးကျွန်း ပြာသာဒ်၊ ကျွန်းစောင်းတန်း၊ ရွှေရေးဆောင်တိုက်နှင့် အနောက်စောင်းတန်း ကျွန်းပြာသာဒ်၊ ကျွန်းစောင်းတန်းတို့နှင့် အသောကရာမတိုက် ငါးစိုဝ်တိုက်၊ တမ္ပဝတီရပ်ကွက်များပါ လောင်ကျွမ်းပျက်စီးခဲ့ပါသည်။

၁၂၄၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် နှစ်ချက်တီးကျော် သုံးမောင်းခန့်တွင် ရတနာဘုမ္မိရပ် ငတိုးအိမ်မှစ၍ မီးသင့်လောင်ရာ မဟာအောင်မြေမြို့နယ် ရဟိုင်းဈေးရပ်နှင့် တောင်ကို သေနတ်ဝန်မင်း (မြတောင်ဝန်ကြီး)ကျောင်း၊ ထိုမှ ရွှေတုံးတံတားကို ဖြတ်ကျော်ပြီး မဟာမုနိဘုရားကြီးအနီးရှိ မြင်းစုဝန်ကြီး(မြင်းဝန်တိုက်)နှင့်ပတ်လည်တန်ဆောင်းများ၊ အိမ်များ၊ တောင်ဘက်ရှိ အသောကရာမကျောင်းတိုက်၊ တောင်ရွာသစ်မြောက်ပိုင်း ၄င်းကမြောက် အောင်မြေရွှေဘုံတိုက်များနှင့် ရှမ်းပွဲပတ်လည်၊ ကုသိနာရုံဘုရား၊ ကုသိနာရုံကျောင်းတိုက်၊ မဟာမုနိပတ်လည်မှအိမ်ခြေ ၆၂၀၀၀ ကျော် မီးလောင်ပျက်စီးရပြန်သည်။ ထိုမီးကြောင့်ပင် မဟာမုနိရုပ်ပွားတော်မှ ရွှေသားမကိုဋ်တော်၊ နားပန်တော်၊ ရွှေသင်္ကန်းတော်များမှ ရွှေချိန် ၅၄၅၀ အရည်ပျော်ခဲ့ရသည်။

ထို့ကြောင့်ပင် မန္တလေးမီးသတ်တပ်ဖွဲ့ကို ၁၂၆၀ ပြည့်နှစ်၊ ၁၈၉၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ကြသည်။ စတင်တည်ထောင်စဉ်က မီးသတ်တာဝန်ခံချုပ်မှာ အင်္ဂလိပ်လူမျိုး မစ္စတာဝီလကင်စင်ဖြစ်ပြီး မစ္စတာဒိုစီ၊ မစ္စတာလစ်တယ်လ်၊ မစ္စတာဂင်းနစ်၊ မစ္စတာနယူးလင်းနှင့် မြန်မာလူမျိုး ဦးမောင်မောင်တို့ ဖြစ်ကြသည်။

မန္တလေး၊ ၈၂လမ်းနှင့် ၂၉ လမ်းထောင့် ဗဟိုမီးသတ်တွင် တည်ရှိသော မီးသတ်မျှော်စင်မှာလည်း ၁၉၅၄ခုနှစ်တွင် ရေနံမြေမှ ရေနံတွင်းတူးစင်ယောင်းကြီးကိုသယ်ယူပြီး တည်ဆောက်ထားခြင်းဖြစ်ပြီး ယခုအခါနှစ်ပေါင်း ၇၀ ကျော် သက်တမ်းကြာမြင့်ခဲ့ပြီဖြစ်ကြောင်း သိရပါသည်။ ၁၂၇၃ ခုနှစ်တွင် မန္တလေးကိုးတာမီးကြီး လောင်ရာ မီးသတ်ဌာနက ခုနစ်ရက် ခုနစ်ညမီးငြိမ်းသတ်ခဲ့ရကြောင်း လေ့လာသိရှိရပါသည်။

ထို့ပြင် အထက်ပါ မီးလောင်မှု၏နောက်ပိုင်း ၅၉နှစ်အကြာ ၁၃၀၄ခုနှစ်၊ ကဆုန်လဆန်း ၁၂ရက်တွင်လည်း မဟာမုနိဘုရားကြီး ဝန်းကျင်ဖြစ်သော မြင်းစုဝန်ကြီးတိုက် အနောက်ရပ်ကွက်တွင် ရာဟုလေပြင်းထန်မှုကြောင့် ရှမ်းစုစာတိုက်၊ မြို့လယ်ဆေးရုံ၊ အမှတ်(၁၀) ရဲစခန်းများ မီးလောင်ပြီး အရှေ့ကုလားစုရပ်၊ ထိုမှ မဟာမုနိမြောက်စောင်းတန်း မုခ်ဦးကျွန်းပြာသာဒ်၊ ကျွန်းစောင်းတန်းများနှင့် အသောကရာမတိုက်တို့ မီးလောင်ခဲ့ရသည်။ မီးနွယ်တစ်ခုသည် ရွှေရေးဆောင်ကျောင်းတိုက်အတွင်းဝန်ဦးဖိုး၏ တိုက်ကြီးနှင့် မဟာမုနိအနောက်ဘက်ကျွန်းစောင်းတန်းမုခ်ဦးများပါ လောင်ကျွမ်းကာ တောင်ဘက်ခြမ်း ငါးစိုဝ်တိုက်၊ တမ္ပဝတီရပ်ကွက်များပါရှိကာ ရဟန်းပျိုများနှင့် ဗုဒ္ဓဘာသာဝင်အပေါင်းက တားဆီးနိုင်ခဲ့ကြ၍ မဟာမုနိရုပ်ရှင်တော်ကြီး မီးကူးစက်လောင်ကျွမ်းခြင်း မရှိသော်လည်း ရဟန်းတော်သုံးပါးနှင့် လူလေးဦးသေဆုံးကြောင်း မဟာမုနိဘုရားကြီးသမိုင်းတွင် တွေ့ရှိရပါသည်။

၁၉၈၁ ခုနှစ်၊ မေ ၁၀ ရက် ည ၇ နာရီ ၃၅ မိနစ်တွင် အောင် ချမ်းသာကားအသင်းတွင် ထားရှိသည့် ဓာတ်ဆီပေပါငါးလုံးအနီး ဆီထည့်ရာမှ မီးစွဲမှုကြောင့်စတင်၍ ဆိုင်းတန်းမီးဟုပြောစမှတ်ပြု ရသော မန္တလေးပထမမီးကြီးလောင်ခဲ့ရာ ည ၁၂ နာရီ သန်းခေါင် ကျော်မှ မီးညွှန့်ကျိုးခဲ့သည်။ ထိုမီးကြောင့် အိမ်ခြေ ၆၀၀၀ ခန့်နှင့် လူဦးရေ ၃၆၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။

၁၉၈၄ ခုနှစ်၊ မတ် ၂၄ ရက်တွင် ဦးကျားကြီးမီးဟုတွင်သော မန္တလေး၊ ၈၄ လမ်းမကြီး၊ ၃၅လမ်းနှင့် ၃၆လမ်းကြားရှိ ဦးကျားကြီးဝင်းတွင် အုန်းဆံဖတ်များမှစတင်၍ မီးလောင်မှုဖြစ်စဉ်တွင် အရှေ့တောင်မြို့နယ်၊ အရှေ့မြောက်မြို့နယ်၊ အနောက်မြောက်မြို့နယ်တို့ရှိ မြို့နယ်သုံးမြို့နယ်မှ အိမ်ခြေ ၂၇၀၀ ကျော်နှင့် လူဦးရေ ၂၃၀၀၀ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြန်သည်။

၁၉၇၁ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ (၁၀)နှစ်တာကာလအတွင်း မန္တလေးမြို့တွင် မီးလောင်မှုဖြစ်စဉ်ပေါင်း ၁၅၆၂၈ ကြိမ်ရှိခဲ့ပြီး အိမ်ခြေ ၈၇၉၅၄ ပျက်စီးဆုံးရှုံး၍ စက်ရုံအလုပ်ရုံပေါင်း ၃၂၂ လုံး၊ ဂိုထောင် ၈၁၁ လုံး၊ အသက်ဆုံးရှုံးသူပေါင်း ၃၅၉ ဦးနှင့် ဒဏ်ရာအနာတရဖြစ်သူပေါင်း ၆၄၀ ဦး၊ မီးဘေးဒုက္ခသည် ၄၂၄၅၄၆ ရှိခဲ့၍ ကျွဲ၊ နွားတိရစ္ဆာန်ပေါင်း ၂၂၆၄ ကောင် သေကြေပျက်စီးကာ ဆုံးရှုံးမှုတန်ဖိုး ၁၄၈ ကုဋေကျော်ရှိခဲ့ကြောင်း ဆရာကြီး နတ်မောက်ထွန်းရှိန်က ကိုယ်တွေ့မန္တလေးမီးစာအုပ်တွင် ဖော်ပြခဲ့သည်။

၁၉၈၁ခုနှစ်၊ ဆိုင်းတန်းမီးနှင့် ၁၉၈၄ခုနှစ် ဦးကျားကြီးဝင်းတို့တွင် ဖြစ်ပွားခဲ့သော မီးလောင်မှုဖြစ်စဉ်တွင် မန္တလေးမြို့မှ အောင်ပင်လယ်ကန်ပေါင်ရိုးကို တိုးလျှိုပေါက်မြင်နေရသည့်အထိ မီးလောင်ပြင်ကြီးဖြစ်နေရသည်ကို ဝမ်းနည်းဖွယ်မြင်တွေ့ခဲ့ဖူးပါသည်။ ထိုစဉ်က မန္တလေးသန္တေမီးသတ်၊ အရန်မီးသတ်များတပ်ဖွဲ့များ၏ ခက်ခက်ခဲခဲ မီးငြိမ်းသတ်ခဲ့ရပုံများကို တင်ပြလိုပါသည်။

၁၉၈၁ ခုနှစ်၊ ဆိုင်းတန်းမီးတွင် မန္တလေး၏မီးသတ်ယာဉ်အင်အားမှာ ၁၆ စီးသာရှိပြီး စဥ့်ကိုင်မြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ မလှိုင်မြို့နယ်နှင့် (နမခ)ဆည်မြောင်းဦးစီးဌာန၊ မန္တလေးဗျစ်စက်ရုံ၊ စည်ပင်သာယာတို့၏ ယာဉ်များနှင့် ပေါင်းမှ စုစုပေါင်း ၂၂ စီးသာရှိခဲ့သည်။ ဗဟိုမီးသတ်စခန်းမှ တိုယိုတာမီးသတ်ယာဉ်စတင်ထွက်ခွာ၍ ၈၇ လမ်းနှင့် ၂၅လမ်း ထိပ်မှ နေရာယူ၍ တိုက်ရိုက်ငြိမ်းသတ်ပြီး ဟီးနိုးချက်ပလက်ရေသယ်ယာဉ်နှစ်စီးက အားဖြည့်ပေးရသည်။ ဗဟိုမှ ဒင်းနစ်မီးသတ်ယာဉ်က ၈၄လမ်း၊ ဈေးချိုမြေအောက်ရေပိုက်လိုင်းက ရေကိုရယူ၍ တစ်ပိုက်တစ်တန်းဖြင့် ဈေးချို ကုန်ပဒေသာတိုက် မန်းသီရိဈေးများကို မီးဘေးကင်းဝေးစေရန် နှစ်ပိုက်တစ်တန်းထားရှိ ကာကွယ်ပေးရသည်။ ကျောက်ဆစ်တန်းမီးသတ်မှ ရေသယ်ယာဉ်ကလည်း ၂၆ ဘီလမ်းရှိ နေပြည်တော်ဆိုင်းတန်း ရုပ်ရှင်ရုံဝင်းအတွင်းက ဝင်ရောက်နေရာယူငြိမ်းသတ်ပေးခဲ့သည်။ ပုလဲငွေရောင်မှ မီးသတ်ယာဉ်ကလည်း ၂၅လမ်းနှင့် ၈၇လမ်းအတွင်း ဝင်ရောက်ငြိမ်းသတ်ခဲ့ရသည်။ ပုလဲငွေရောင်မီးသတ်နှင့်အတူ နန်းရှေ့၊ တမာကုန်း၊ ဂေါဝိန်၊ အမရဌာနီမီးသတ်တို့ကလည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြရသည်။

(ဆက်လက်ဖော်ပြပါမည်။)

မောင်ရန်ရှင်း(ရန်ကင်းတောင်)

## နာတာရှည်နာကျင်မှုကို သက်သာစေရန် ဦးနှောက်ကို လေ့ကျင့်ပေးနိုင်



နာတာရှည်နာကျင်မှုကို သက်သာစေရန် ဦးနှောက်ကို စိတ်ခံစားမှုများနှင့်ပတ်သက်၍ စီမံခန့်ခွဲနိုင်ရန် လေ့ကျင့်ပေးနိုင်ကြောင်း ဩစတြေးလျသုတေသီများ မကြာသေးမီက တွေ့ရှိခဲ့သည်။

၎င်းတို့၏ လေ့လာမှုရလဒ်အရ နာတာရှည်နာကျင်မှုကို ကုသရာတွင် ဦးနှောက်၏ စိတ်ခံစားမှုများကို စီမံခန့်ခွဲနိုင်စွမ်းသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း ဖော်ထုတ်သိရှိခဲ့သည်။

အဆိုပါသုတေသနကို ပါမောက္ခ ဆီလ်ဗီယာဂတ်စတင်နှင့် ဒေါက်တာနဲလ်နော်မန်နော့တို့က ဦးဆောင်ပြီး လုပ်ဆောင်ကာ လက်တွေ့စမ်းသပ်မှုတစ်ခုလည်း ပါဝင်ခဲ့သည်။

ပေါ်ထွက်လာသော ရလဒ်အရ ဦးနှောက်အတွင်း စိတ်ခံစားမှုများကို ကောင်းစွာစီမံနိုင်ခြင်းသည် နာတာရှည်နာကျင်မှုကို သိသိသာသာ လျော့ကျစေနိုင်ကြောင်း ဖော်ပြထားသည်။ (SCI)





## Black Pink မှ Lisa ကို Adam Levine က ချီးကျူးထား

ကေပေါ့ပ်ဘလက်ပင့်ခ်အဖွဲ့ဝင် ထိုင်းလူမျိုး လီဆာသည် Maroon 5 အဖွဲ့နှင့် Prieeless သီချင်းအတွက် ပူးပေါင်းခဲ့ရာမှ အဒမ်လစ်နီက အလုပ်ကြိုးစား၍ ချီးကျူးထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဆာကို အဒမ်လစ်နီက လီဆာပါဝင်သီဆိုပေးမှုများကို အံ့အားသင့်ဖွယ်ဖြစ်ပြီး အလွန်တော်ကြောင်း၊ သူတို့သီချင်းအတွက်ကောင်းမွန်သော အကူအညီပေးခဲ့ကြောင်း၊ အသံသွင်းပြီး လီဆာဆိုရမည့်အပိုဒ်ကို သဘောကျခဲ့၍ ကမ္ဘာတစ်ခုလုံးသိရန် ချပြခဲ့ခြင်းဖြစ်ကြောင်း ထုတ် ဖော် ချီးကျူးထားသည်။

ဆက်လက်၍ အဒမ်လစ်နီက Priceless သီချင်းကို Maroon 5 အနေနှင့် မလုပ်ဖြစ်တာကြာသည့် ဂီတာကို အသာပေးတီးခတ်ထားပြီး လီဆာက တေးရေးထုတ်လုပ်သူ အဆိုတော်အဖြစ် ပါဝင်အားဖြည့်ပေးထားသဖြင့် ဂုဏ်ယူကြောင်း ထပ်လောင်းပြောကြားသွားခဲ့သည်။

(SKY)

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## JASP.ER ထိုင်းဂီတအဖွဲ့ လူငယ်ထုကြား ခေတ်စားလာ



ထိုင်းဂီတအဖွဲ့ JASP.ER တွင် အဖွဲ့ဝင်လူငယ်လေးဦးပါဝင်ပြီး ချောမောသောရုပ်ရည်နှင့် ဂီတစွမ်းရည်ပြည့်ဝကြ၍ လူငယ်ထုကြား ခေတ်စားလာကြောင်း ထိုင်းအတ်ပ်ဒိတ်တွင် ဖော်ပြသည်။

အဖွဲ့ဝင်လေးဦးဖြစ်ကြသည့် ဂျုန်း၊ ပွန်၊ ဆန်တာတို့မှာ ဘီတီအက်စ်မှ ဗွီ(ခေါ်)ကင်ထယ်ယောင်း၏ အမာခံပရိသတ်များဖြစ်ကြသည်။

ဂျုန်းက ဗွီ၏ပုံကို သူ၏အင်စတာဂရမ်တွင် တင်ထားပြီး ပွန်ကလည်း ပုံနှင့်ဗီဒီယိုများတင်ထားကာ ဆန်တာက ဗွီ၏ Love Me Again ကို တင်ကာ ပြန်လာမည့်နေ့ကို စောင့်နေမည်ဟု ရေးသားထားသည်။

ထိုင်းပရိသတ်ကြား ရေပန်းစားနေသည့် အဆိုပါဂျာစပါအဖွဲ့မှာ တစ်ဖွဲ့လုံး ဘီတီအက်စ် အဖွဲ့ဝင်ဗွီ၏ အမာခံပရိသတ်များ ဖြစ်နေကြပြီး သူတို့အဖွဲ့ကို လူငယ်ပရိသတ် အားပေးမှုမြင့်မားခဲ့သည်။

(SKY)

## Karina Kapool က ၂၀၂၅ ခုနှစ်သည် ယောဂကျင့်သူများအတွက် ထူးခြားသောနှစ်ဟု ပြောကြား



ဘောလိဝုဒ် အနုပညာရှင် ကရီနာကပူးလ်သည် သူ၏ကိုယ်ခန္ဓာနှင့် စိတ်ကျန်းမာမှုကို ယောဂကျင့်စဉ်ဖြင့် နှစ်ပေါင်းရှည်ကြာစွာ ထိန်းသိမ်းထားရာမှ ၂၀၂၅ ခုနှစ်သည် ယောဂကျင့်သူများအတွက် ထူးခြားသောနှစ်ဖြစ်သည်ဟု ဝေမျှထားကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဖြစ်စဉ်ကို ကရီနာကပူးလ်က ဝေမျှပြောကြားထားရာတွင် ယောဂကျင့်သူများအတွက် ၂၀၂၅ ခုနှစ်သည် ထူးခြားသောဂြိုဟ်များဆုံသည့်နှစ်ဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ကျရောက်ခဲ့သည့် သီဝနတ်ဘုရားပူဇော်ပွဲသည် ဂြိုဟ်အားလုံး စုံညီသည့်နှင့် ထပ်တူကျခဲ့ပြီး နှစ်(၆၀)ဆယ်မှတစ်ကြိမ်ကြုံရခြင်းဖြစ်ကြောင်း သီဝနတ်ဘုရားသည် ယောဂကျင့်ကြံနေသူ ယောဂီအားလုံး၏ အရှင်သခင်ဖြစ်ကြောင်း ပြောကြားဝေမျှပေးထားသည်။

ဆက်လက်၍ ဂြိုဟ်များအားလုံးဆုံစည်းခြင်း(သို့မဟုတ်) အချင်းချင်း ဆွဲအားများသည် ကမ္ဘာမြေပေါ်သို့ အကျိုးသက်ရောက်မှုရှိကြောင်း ကမ္ဘာကျော် အတွေးအခေါ်ပညာရှင် Sadhyuru က ပြောကြားထားပြီး ခန္ဓာကိုယ်ကို မတ်မတ်ထိုင်နေခြင်း၊ ရပ်နေခြင်းဖြစ်ကြောင်း စကြဝဠာ၏ စွမ်းအားများ ခန္ဓာကိုယ်ထဲ အားကောင်းစွာ စီးဝင်နိုင်၍ ၂၀၂၅ ခုနှစ်သည် ယောဂကျင့်သူများအတွက် ထူးခြားသောနှစ်ဟု ဝေမျှပေးသွားသည်။

(SKY)

## ကိုယ်ခန္ဓာအလေးချိန်လျှော့၍ လှပလာခဲ့သော Rebel Wilson

ဟောလိဝုဒ်အနုပညာရှင်များတွင် ကိုယ်ခန္ဓာအလေးချိန်တိုး၍ အကြည့်ရဆိုးနေသူများက ကိုယ်အလေးချိန်လျှော့ချ၍ လှပလာခဲ့သူများတွင် ရာဘယ်ဝီလ်ဆန်လည်း ပါဝင်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။





ကော်ဖောနီပေါ်သို့ ဝဝဖိုင့်ဖိုင့်ခန္ဓာကိုယ်နှင့်ပွဲတက်လာကြသည့် ဟောလိဝုဒ်အနုပညာရှင်များက ပရိသတ်မမှတ်မိလောက်အောင် ချောမောလှပပြီး ကိုယ်ခန္ဓာကျစ်လျစ်အောင် အလေးချိန်လျှော့ခဲ့ကြသူများတွင် ရာဘယ်ဝီလ်ဆန်လည်း ပါဝင်ခဲ့သည်။

မင်းသားဂျွန်အာဟဲကလည်း သူ၏အဆမတန် ဝဖိုင့်နေသော ခန္ဓာကိုယ်ကို ပြောင်းလဲခဲ့ပြီး အက်ဟန်ဆပ်လီကလည်း တောင့်တင်းသန်မာသော ကြွက်သားများနှင့် ကိုယ်ခန္ဓာအချိုးအစားကို ပြောင်းလဲနိုင်ခဲ့၍ ပရိသတ်များ အားကျမဆုံးဖြစ်ခဲ့ကြသည်။

(SKY)

0-0-0-0-0

## Pitchfork

## ကေပေါ့ပ်အဖွဲ့ ဂီတသစ်မိတ်ဆက်

မျိုးဆက်သစ်မိန်းကလေး သုံးဦးနှင့်ဖွဲ့စည်းထားသည့် ပစ်ဖော့ကေပေါ့ပ်အဖွဲ့သည် ချိုမြမြအသံလေးများနှင့် ဂီတအယ်လ်ဘမ် Echo ကို မိတ်ဆက်ထားကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဂီတ Echo ကို အချစ်အကြောင်း ဖွဲ့စည်းထားပြီး အမြဲအတူရှိနေမည့် ပွဲတင်သံအဖြစ် တင်စားထားကာ အဖွဲ့ဝင်ဆီနာ၏ ရက်ပ်စကေးမြင့်မားမှုကြောင့် ပိုမိုကြွတက်လာကာ အေရမ်နှင့် ဒီနာတို့ အားဖြည့်သီဆိုထားကြမှုက ပို၍ အားဖြစ်ခဲ့သည်။

ပေါ့ပါးချိုမြသော ဂီတနှင့် အမ်တီဗွီကို နွေဦးဆန်ဆန် ရိုက်ကူးမိတ်ဆက်ထားခြင်းဖြစ်ကြောင်း သိရသည်။

(SKY)

## Jing Lu Xia ပါဝင်ထားသည့် Sisters in Arms ကား လူကြိုက်များ

တရုတ်အနုပညာရှင် ဂျင်လျူရှာအပါအဝင် အမျိုးသမီးအနုပညာရှင်များစွာ ပါဝင်ထားသည့် Sisters in Arms မှာ လူကြိုက်များအားပေးမှုရရှိထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါအက်ရှင်ဇာတ်ကားတွင် ဂျင်လျူရှာ၊ ယောင်ရှင်း၊ ကျောင်းရှီယောင်၊ လီယူတုန်တို့ အဓိကပါဝင်ထားပြီး ၂၀၂၅ ခုနှစ် ဧပြီ ၂၄ ရက်တွင် အပိုင်း (၂၄) ပိုင်းနှင့် ထုတ်လွှင့်ပြသခဲ့သည်။

ကျွမ်းကျင်ထက်မြက်သည့် လူတော်များနှင့် ဖွဲ့စည်းထားသည့် ပေကျင်းမြို့၏ အတော်ဆုံးအထူးတပ်ဖွဲ့ဖြစ်သည့် Hummingbird အဖွဲ့သည် ရာဇဝတ်မှုများကို နည်းဗျူဟာအမျိုးမျိုးနှင့် တိုက်ဖျက်သည့်အဖွဲ့အကြောင်း ဖြစ်သည်။

အမျိုးသမီးများစွာ ပါဝင်သောအဖွဲ့ဖြစ်ပြီး အသက်ကိုမမှုဘဲ အန္တရာယ်များသည့် စစ်ဆင်ရေးများကို ရှေ့ဆုံးမှ ပါဝင်ထားကာ ပြည်သူများ ဘေးကင်းလုံခြုံရေးအတွက် အဓိကထားခဲ့သဖြင့် ပရိသတ် အားပေးမှုတစ်ခဲနက်ရရှိထားသည်။ (SKY)

## ပုပ်ရဟန်းမင်းကြီး လီယို ၁၄ ၏ ဝတ်ပြုဆုတောင်းပွဲအခမ်းအနားသို့ ဥရောပဘုရင်မျိုးနွယ်အပါအဝင် သောင်းချီသောပရိသတ် တက်ရောက်



**ရောမ မေ ၁၈**

ပုပ်ရဟန်းမင်းကြီး လီယို ၁၄ သည် ကမ္ဘာ့ကက်သလစ်ချုပ်၏ ခေါင်းဆောင်အဖြစ် ယနေ့တွင် စတင်တာဝန်ထမ်းဆောင်မည်ဖြစ်ရာ စိန့်ပီတာရင်ပြင်တွင် ကျင်းပသည့် ဝတ်ပြုဆုတောင်းပွဲအခမ်းအနားသို့ ကမ္ဘာ့ခေါင်းဆောင်များနှင့် ဥရောပဘုရင်မျိုးနွယ်အပါအဝင် သောင်းချီသော ချီးကျူးဂုဏ်ပြုသူများ တက်ရောက်ကြကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဖွင့်ပွဲအခမ်းအနားသည် နံနက် ၁၀ နာရီတွင် စတင်မည်ဖြစ်ပြီး အမေရိကန်မှ ပထမဆုံး ပုပ်ရဟန်းမင်းကြီးဖြစ်သူ ပုပ်ရဟန်းမင်းကြီးလီယိုသည် အဖြူရောင် ပုပ်ရဟန်းမင်းကြီး၏ မော်တော်ယာဉ်ဖြင့် ပထမဆုံးအကြိမ်လှည့်လည်ရာ ရောမမြို့ရှိ စိန့်ပီတာရင်ပြင်နှင့် ပတ်ဝန်းကျင်လမ်းများတွင် လူပရိသတ်ထောင်နှင့်ချီ၍ စုဝေးကြိုဆိုခဲ့ကြသည်။

ချီကာဂိုမြို့တွင် မွေးဖွားခဲ့သော အသက် ၆၉ နှစ်ရှိပြီဖြစ်သည့် ပုပ်ရဟန်းမင်းကြီးသည် ပီရူးနိုင်ငံတွင် သာသနာပြုအဖြစ် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ပြီး ပီရူးနိုင်ငံသားအဖြစ်လည်းရှိသဖြင့် တောင်အမေရိကနိုင်ငံမှ ပထမဆုံးပုပ်ရဟန်းမင်းကြီးလည်း ဖြစ်သည်။

သာမန်အားဖြင့် မထင်ရှားသော ရောဘတ်ပရီဗော့စ်သည် ကာဒီနယ်အဖြစ် ၂ နှစ်သာ ရှိသေးပြီး ကာဒီနယ်များ၏ လျှို့ဝှက်ဆွေးနွေးပွဲ ၂၄ နာရီခန့်သာ ကြာမြင့်ပြီးနောက် မေ ၈ ရက်တွင် ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးချယ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အမေရိကန်က လွှဲပေးသော ရှေးဟောင်းတရုတ် ပိုးချည်လက်ရေးမှုများ နှစ်ပေါင်း ၈၀ နီးပါးကြာပြီးနောက် တရုတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာ




**ပေကျင်း မေ ၁၈**

သေမင်းတမန် ပင်လယ်သေ လက်ရေးမူများထက်ပင် ပိုမိုသက်တမ်းရှည်ကြာသည်ဟု ယူဆရသော ရှေးဟောင်းတရုတ် ပိုးချည်လက်ရေးမူများ လွှဲပြောင်းပေးအပ်ပွဲကို ပေကျင်းမြို့တော်ရှိ အမေရိကန်သံရုံးတွင် ယမန်နေ့က ကျင်းပခဲ့ကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

ပင်လယ်ရပ်ခြားတွင် နှစ်ပေါင်း ၈၀ နီးပါး ကြာမြင့်စွာ လက်ခံသိမ်းဆည်းထားပြီးနောက် ယင်းပိုးချည်လက်ရေးမူများ တရုတ်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ဝါရှင်တန်ဒေသအခြေစိုက် စမစ်ဆိုနီယန်း အမျိုးသားအာရှအနုပညာပြတိုက်၏ စုဆောင်းမှုမှ ဇီဒန်ကူပိုးချည်လက်ရေးမူ(ဘီစီ ၄-၃ ရာစု) အပိုင်းအစများကို တရုတ်အမျိုးသားယဉ်ကျေးမှု အမွေအနှစ်စီမံခန့်ခွဲမှုဌာနသို့ တရားဝင်လွှဲပြောင်းပေးခဲ့သည်ဟု အမေရိကန်သံရုံးက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။ ထိုလက်ရေးမူများသည် ယခုအချိန်အထိ ရှာဖွေတွေ့ရှိထားသည့် ပထမဆုံးသော ပိုးချည်လက်ရေးမူများဖြစ်ပြီး တရုတ်နိုင်ငံ၏ စစ်ပြိုင်ကာလ (ဘီစီ ၄၇၅-၂၂၁)မှ တစ်ခုတည်းသော လက်ရေးမူများဖြစ်ကာ ၁၉၄၂ ခုနှစ်တွင် သင်္ချိုင်းခိုးများက ဟူနန်ပြည်နယ်၊ ချန်ရှားမြို့အနီး ဇီဒန်ကူနယ်ထဲရှိ လှိုဏ်ခြုံစွာပိတ်ထားသည့် ဂူအားဖောက်ကာ ၎င်းတို့ကို ခိုးယူခဲ့သောကြောင့် ယင်းကဲ့သို့ အမည်တွင်နေခြင်းဖြစ်ကြောင်း သိရသည်။

Mon

## ဂါဇာကမ်းမြောင်ဒေသ ပြန်လည်တည်ဆောက်ရေးအစီအစဉ်အတွက် ငွေကြေးထောက်ပံ့ရန် အာရပ်ခေါင်းဆောင်များ တိုက်တွန်းပြောကြား



**ဘဂ္ဂဒက် မေ ၁၈**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်က ပါလက်စတိုင်းနယ်မြေကို သိမ်းပိုက်ရန် အဆိုပြုချက်ကို ထပ်လောင်းပြောကြားပြီးနောက် ဂါဇာကမ်းမြောင်ဒေသ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ၎င်းတို့၏ အစီအစဉ်အတွက် အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်းက ငွေကြေးထောက်ပံ့ရန် အာရပ်ခေါင်းဆောင်များ ယမန်နေ့က တိုက်တွန်းလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဘဂ္ဂဒက်မြို့တွင် မေ ၁၇ ရက်က ကျင်းပသော အာရပ်အဖွဲ့ချုပ် ထိပ်သီးအစည်းအဝေး၏ နောက်ဆုံးကြေညာချက်တွင် ဂါဇာ ပြန်လည်တည်ဆောက်ရေး အစီအစဉ်ကို ထောက်ခံရန် "နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ငွေကြေးအဖွဲ့အစည်းများအား ငွေကြေးအရန် အစီအမံများ ချက်ချင်းပေးရန်" တိုက်တွန်းကြောင်း ဖော်ပြခဲ့သည်။

အာရပ်အဖွဲ့ချုပ်၏ (၃၄)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးတွင် အီရတ်ဝန်ကြီးချုပ် မိုဟာမက်ရှီအာ အယ်လ်ဆူဒါနီက ဂါဇာအရေးနှင့်ပတ်သက်၍ ၎င်း၏ အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

အီရတ်နိုင်ငံအနေဖြင့် ပြန်လည်တည်ဆောက်ရေး အားထုတ်မှုများကို ထောက်ပံ့ရန် အာရှဘဏ္ဍာတစ်ရပ်ဖွဲ့စည်းရန် ထောက်ခံပြီးနောက် အီရတ်သည် ထိုဘဏ္ဍာအတွက် ဒေါ်လာ သန်း ၂၀ နှင့် အစ္စရေးနှင့် ပဋိပက္ခဖြစ်နေသော လက်ဘနွန်အတွက် သီးခြားဒေါ်လာ သန်း ၂၀ ထည့်ဝင်မည်ဟု ၎င်းက ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

Mon

## အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်နှစ်ခုတွင် လေဆင်နှာမောင်းများ တိုက်ခတ်၊ လူ ၂၅ ဦး သေဆုံး

**ဝါရှင်တန် မေ ၁၈**

အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်နှစ်ခုတွင် ယမန်နေ့က လေဆင်နှာမောင်းများ ဖြတ်သန်းတိုက်ခတ်ပြီးနောက် လူအနည်းဆုံး ၂၅ ဦးသေဆုံးကာ ဒါဇင်နှင့်ချီဒဏ်ရာရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကင်တပ်ကီပြည်နယ်မှ အရာရှိများက သေဆုံးသူ ၁၈ ဦးရှိပြီး မစ်ဆူရီပြည်နယ်တွင် ၇ ဦး သေဆုံးခဲ့ကြောင်း ယင်းတွင် စိန့်လူးဝစ်မြို့မှ ၅ ဦးပါဝင်ကြောင်း ပြောကြားခဲ့သည်။

ကင်တပ်ကီပြည်နယ် တောင်အရှေ့ပိုင်းရှိ လော်ရယ်ကောင်တီကို စနေနံနက်စောစောပိုင်းတွင် လေဆင်နှာမောင်းတိုက်ခတ်မှန်ခဲ့သည်။ အရာရှိများက သေဆုံးသူအရေအတွက် ပိုမိုများပြားလာနိုင်ကြောင်း ပြောကြားခဲ့သည်။

မစ်ဆူရီပြည်နယ်အရာရှိများက လေဆင်နှာမောင်းကြောင့် အဆောက်အအုံ ၅,၀၀၀ ခန့်ပျက်စီးခဲ့ပြီး အမိုးများပြိုကျကာ ဓာတ်ကြိုးများ ပြတ်တောက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

စနေနေ့မွန်းလွဲအထိ မစ်ဆူရီနှင့် ကင်တပ်ကီပြည်နယ်ရှိ အိမ်ခြေ ၁၄၀,၀၀၀ ခန့် မီးမရှိဖြစ်နေခဲ့သည်။ စိန့်လူးဝစ်မြို့ အရာရှိများက မီးသတ်ဌာနသည် အဆိုးရွားဆုံးထိခိုက်ခံရသည့် နေရာများတွင် အိမ်အလိုက် ရှာဖွေမှုများ ပြုလုပ်နေကြောင်း ပြောကြားခဲ့သည်။

အနည်းဆုံး ၃၈ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အများစုမှာ ပြိုကျပျက်စီးသော အဆောက်အအုံများနှင့် လဲကျသောသစ်ပင်များကြောင့် ဖြစ်သည်ဟု စိန့်လူးဝစ်မြို့တော်ဝန်က အတည်ပြုကြောင်း သိရသည်။

Mon

**တရုတ်နိုင်ငံ စီချွမ်ပြည်နယ်၊ ချန်ဒူးမြို့တွင် မကြာသေးမီက ကျင်းပခဲ့သော ပြပွဲတွင် ပြသထားသည့် အေအီး ၂၀၀ လျှပ်စစ်လေယာဉ်ငယ်ကို တွေ့ရစဉ်။**

Mon



## ဘဝအရည်အသွေးအဖွဲ့အစည်း၏ အညွှန်းကိန်းစာရင်းရလဒ်အရ စင်ကာပူကို ကမ္ဘာ့တတိယမြောက် "အပျော်ရွှင်ဆုံး"မြို့အဖြစ် သတ်မှတ်

**စင်ကာပူ မေ ၁၈**

စင်ကာပူမြို့သည် ၂၀၂၅ ခုနှစ်အတွက် ကမ္ဘာ့တတိယမြောက် "အပျော်ရွှင်ဆုံး"မြို့အဖြစ် သတ်မှတ်ခံရပြီး ကိုပင်ဟေဂင်နှင့် ဇူးရစ်မြို့တို့ နောက်မှ ရပ်တည်နေကြောင်း စီအင်န်အိုင် သတင်းဌာနက ဖော်ပြသည်။

အာရှတိုက်မှ အခြားမြို့ကြီးနှစ်မြို့သည် ထိပ်တန်း ၁၀ မြို့စာရင်းဝင်ခဲ့ပြီး ဆိုးလ်မြို့သည် ဆဋ္ဌမနေရာ၊ တိုင်ပေမြို့သည် အဋ္ဌမနေရာတွင် ရပ်တည်နေသည်။ အဆိုပါ အချက်အလက်များကို ဘဝအရည်အသွေး အဖွဲ့အစည်း၏ နောက်ဆုံးထုတ် ပျော်ရွှင်သောမြို့တော် အညွှန်းကိန်းစာရင်းတွင် ဖော်ပြထားခြင်းဖြစ်ပြီး နေထိုင်သူများ၏ ပျော်ရွှင်မှုကို "တိုက်ရိုက်အကျိုးသက်ရောက်စေသော" အဓိကအကြောင်းအရာ ၆ ခုအောက်မှ အညွှန်းကိန်း ၈၂ ခုကို ခြေရာခံထားခြင်းဖြစ်သည်။ အဆိုပါအကြောင်းအရာ ၆ ခုမှာ နိုင်ငံသားများ၊ အုပ်ချုပ်ရေး၊ ပတ်ဝန်းကျင်၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ရွေ့လျားမှုတို့ဖြစ်သည်။ စင်ကာပူမြို့သည် စုစုပေါင်း ၉၇၉ ရမှတ်ရရှိခဲ့ပြီး "စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အုပ်ချုပ်ရေးနှင့် မြို့ပြဆန်းသစ်တီထွင်မှုတို့တွင် ကမ္ဘာ့စံနမူနာတစ်ခု" အဖြစ် ထင်ရှားကြောင်း အညွှန်းကိန်းအရ သိရသည်။

Mon

## ဖင်လန်နိုင်ငံတွင် အရပ်သုံးရဟတ်ယာဉ်နှစ်စီး လေထဲ၌ တိုက်မိပျက်ကျမှုဖြစ်ပွားပြီးနောက် လူငါးဦး သေဆုံးခဲ့

**ဟယ်လ်စင်ကီ မေ ၁၈**

ဖင်လန်နိုင်ငံတွင် ယမန်နေ့က အရပ်သုံးရဟတ်ယာဉ်နှစ်စီး လေထဲ၌ တိုက်မိပြီး လူငါးဦးသေဆုံးခဲ့ကြောင်း ဒေသခံရဲတပ်ဖွဲ့က စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါရဟတ်ယာဉ်နှစ်စီးသည် အက်စတိုးနီးယားနိုင်ငံ၏ မြို့တော် တယ်လင်မြို့မှ အတူတကွ ပျံတက်ပြီးနောက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် ယူရာလေဆိပ်အနီး၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။

အာဏာပိုင်များသည် ရဟတ်ယာဉ် အပျက်အစီးအစိတ်အပိုင်းများကို သစ်တောဧရိယာတစ်ခုတွင် တွေ့ရှိခဲ့ပြီး ရဲတပ်ဖွဲ့၏ ပြောကြားချက်အရ ရဟတ်ယာဉ်တစ်စီးတွင် နှစ်ဦး၊ ကျန်တစ်စီးတွင် သုံးဦးစီ ပါရှိသည်ဟု ဆိုသည်။

ဒေသတွင်းသတင်းမီဒီယာများ၏ဖော်ပြချက်အရ ယင်းရဟတ်ယာဉ်နှစ်စီးသည် ကိုကေးမကီမြို့ရှိ ပီးကာဂျာဗေး လေကြောင်းစင်တာတွင် ကျင်းပမည့် လေကြောင်းပွဲတစ်ခုသို့ သွားရောက်နေစဉ် ဝင်တိုက်မိကာ ပျက်ကျခြင်းဖြစ်ကြောင်း သိရသည်။

Mon

0-0-0-0-0

## ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ စံသတ်မှတ်ချက်နှင့်အညီ ထုပ်ပိုးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ဆင်ပေါင်ဝဲ မေ ၁၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ်တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ စံသတ်မှတ်ချက်နှင့်အညီ ထုပ်ပိုးခြင်း ကျန်းမာရေးအသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မေ ၁၇ ရက် နံနက် ၇ နာရီက မြို့မဈေးအတွင်း၊ အပြင်တို့၌ ပြုလုပ်ခဲ့ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမွန်စိုးရီ ဦးဆောင်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ပူးပေါင်းအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးအသိပညာပေး ဟောပြောခဲ့ပြီး လက်ကမ်းစာစောင်များကို လက်ဝယ်အရောက် ဖြန့်ဝေခဲ့သည်။ (ဝဲပုံ)



အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်တွင် ဆေးလိပ်ဆေးရွက်ကြီး အန္တရာယ်၊ ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့် ဖြစ်ပေါ်သောရောဂါများ၊ သတိပြုလိုက်နာရန်၊ ဆေးလိပ်၊ ကွမ်းယာဖြတ်ရန် စသည့် အကြောင်းအရာများပါဝင်သော အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

၀-၀-၀-၀-၀-၀-၀



## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ရွာင် မေ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် (Community Centre) ခန်းမတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

ရွေးဦးစွာ မြို့နယ်လူမှုဝန်ထမ်းဦးစီးအရာရှိ ဒေါ်သန်းသန်းစိုးက အမျိုးသမီးများအပေါ် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပြုလုပ်ခြင်းများ၊ မတရားစေခိုင်းခြင်းများကို အကျယ်တဝင့် ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၃၈)

## မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ယာယီငလျင်ဘေးရှောင်စခန်းများအား သောက်သုံးရေ ဖြန့်ဝေ

**အမရပူရ မေ ၁၈**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်ရှိ ယာယီငလျင်ဘေးရှောင်စခန်းများနှင့် သောက်သုံးရေလိုအပ်သည့်နေရာများသို့ ဧပြီ ၅ ရက်မှ သောက်သုံးရေစတင်ဖြန့်ဝေပေးခဲ့ရာ မေ ၁၅ ရက်အထိ သောက်သုံးရေလီတာ သုံးသိန်းကျော် ဖြန့်ဝေပေးခဲ့ပြီး ဖြစ်သည်။

အလားတူ သောက်ရေပုံး အခက်အခဲရှိသည့် ယာယီငလျင်ဘေးရှောင်စခန်းများမှ အိမ်ထောင်စု ၁၇၇၀ စုအတွက် ရေလီတာ ၁၀ ဆံ့ သောက်ရေပုံး ၁၇၇၀ ပုံးကိုလည်း ပေးဝေခဲ့သည်။

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းအနေဖြင့် သောက်သုံးရေ ဖြန့်ဝေခြင်းနှင့်အတူ သန့်(၄)သန့်နှင့် လက်ဆေးနည်း သရုပ်ပြခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းများလည်း ယာယီငလျင်ဘေးရှောင်စခန်းများတွင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (အောက်ပုံ)(၀၄၅)





## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် Camp သွင်း သင်ကြားသည့်နေရာအား မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်

**ပုသိမ်ကြီး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ဆင်ရွာကြီးကျေးရွာအုပ်စု၊ ဆင်ရွာကြီးကျေးရွာရှိ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် Camp သွင်း သင်ကြားသည့်နေရာဖြစ်သည့် အ·ထ·က ဆင်ရွာကြီး၌ ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခဲ့ကြသည်။ (အပေါ်ပုံ)

အဆိုပါ မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းသန့်နှင့် သန္နေတပ်ဖွဲ့ဝင် လေးဦးတို့က ဆောင်ရွက်ခဲ့ရာ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား မီးဘေးအန္တရာယ် အသိပညာပေးပြောကြား၍ ကျောင်းဆောင်များအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(၀၉၅)

## ပြင်ဦးလွင်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၁၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၅ ရက် ညနေ ၃ နာရီခွဲက သတင်းအရ သက်သေများနှင့်အတူ ပြင်ဦးလွင်မြို့နယ်၊ ခွန်လိန်ကျေးရွာနေ ဆန်းဝင်း(ခ)လော့ဆန်းဆိုသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ဆန်းဝင်း(ခ)လော့ဆန်း (၄၄)နှစ်ဆိုသူအား ပြင်စာနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၁၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုသို့သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မေ ၁၆ ရက်တွင် အသိပေးထုတ်ပြန်ခဲ့မှုအပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "U Soe Win" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကံသာကျေးရွာနေ နေစိုးဝင်းအား ညနေ ၆ နာရီခွဲတွင် လယ်ဝေးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးရန်ကင်းကွာ လွန်ချမ်းသာ**

## ဆီဆိုင်မြို့နယ်၌ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲ ကျင်းပ

**ဆီဆိုင် မေ ၁၈**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ဆိုက်ခေါင်)တွင် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ် သင်တန်းအမှတ်စဉ်(၅) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ် ပါလောပါကယ်ကျေးရွာအုပ်စု၊ ဆိုက်ခေါင်စံပြကျေးရွာရှိ အဆိုပါ သင်တန်းကျောင်း၌ ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့ တက်ရောက်ခဲ့သည်။



အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းက ယခုလို အိမ်တွင်းမှုသင်တန်းများ ဖွင့်လှစ်ပေးထားခြင်းဖြင့် နယ်စပ်ဒေသနှင့် မြေပြန့်ဒေသရှိ တိုင်းရင်းသူများအနေဖြင့် ကိုယ်ပိုင်ယဉ်ကျေးမှုများ၊ ကိုယ်ပိုင်ဝတ်စားဆင်ယင်မှုများ၊ ကိုယ်ပိုင်လက်မှုအတတ်ပညာများဖြင့် မိမိဘဝ၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ ဆောင်ရွက်နိုင်မှာ ဖြစ်ပါကြောင်း၊ နိုင်ငံတော်အနေနဲ့ သင်တန်းသူများအတွက် နေထိုင်ရေး၊ စာသောက်ရေး၊ ပညာသင်ကြားရေး အစစအရာရာ အကုန်ကျခံပြီး သင်ကြားပေးနေသည်ဖြစ်၍ သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းမှ အသက်မွေးဝမ်းကျောင်းပညာနဲ့ ဗဟုသုတများကို ထူထူးချွန်ချွန် တတ်မြောက်အောင် လေ့လာသင်ယူကြပြီး လက်တွေ့နယ်ပယ်မှာ အကျိုးရှိရှိ အသုံးချကြစေလိုကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း၊ ကျောင်းအုပ် ဒေါ်ခင်စန်းဝင်းက သင်တန်းနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့ပြီး ပြည်နယ်ဝန်ကြီးက သင်တန်းသူများအတွက် ချီးမြှင့်ငွေပေးအပ်ရာ ကျောင်းအုပ်ဆရာမက လက်ခံရယူခဲ့သည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် တာဝန်ရှိသူတို့သည် သင်တန်းကျောင်းမှ ခင်းကျင်းပြသထားသည့် သင်ထောက်ကူပစ္စည်းများ၊ ခေတ်မီဒီဇိုင်းလက်ရာများကို ကြည့်ရှုခဲ့ကြပြီးနောက် သင်တန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်၍ အားပေးစကား ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသူ(၃၂)ဦး တက်ရောက်ကြပြီး သင်သန်းကာလမှာ မေ ၁၂ ရက်မှ အောက်တိုဘာလ ၁၂ ရက်အထိ ရက်သတ္တပတ်(၂၂)ပတ်ကြာ စာတွေ့၊ လက်တွေ့ အခမဲ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(၃၆၈)**

## လူထုအခြေပြု ဗဟိုဌာန၌ အခမ်းအနားအလှဆင်သင်တန်း ဖွင့်လှစ်

**မိုင်းကိုင် မေ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ အမျိုးသမီးငယ်များ၊ လူမှုရေးအသင်းအဖွဲ့များအနေဖြင့် အလှူပွဲများ၊ ပွဲလမ်းသဘင်များ၊ အခမ်းအနားများတွင် လိုအပ်သည့် အလှဆင်ခြင်းလက်မှုပညာများကို တတ်ကျွမ်းထားကြစေရန် ရည်ရွယ်၍ ယမန်နေ့ နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ လူထုအခြေပြုဗဟိုဌာန(Community-Centre)၌ အခမ်းအနားအလှဆင်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းလှိုင်လှိုင်ဦးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်၊ သင်တန်းတွင် ပို့ချသွားမည့်အကြောင်းအရာနှင့် အသုံးပြုမည့် သင်ထောက်ကူပစ္စည်းများကို ရှင်းလင်းပြောကြားပြီးနောက် အခမ်းအနားများတွင် အသုံးပြုမည့် ပရိဘောဂပစ္စည်းများအား အလှဆင်ခြင်း၊ နောက်ခံနဖူးစည်းများ၌ ဖဲပွင့်များဖြင့် အလှဆင်ခြင်း နည်းအမျိုးမျိုးတို့ကို သင်ကြားပို့ချပေးခဲ့ရာ၊ တက်ရောက်လာသည့် အမျိုးသမီးငယ်များ၊ လူမှုရေးအသင်းအဖွဲ့များက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့လေ့လာသင်ယူခဲ့ကြသည်။

အဆိုပါသင်တန်းကို မေ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်တာ ရက်တိုသင်တန်းအဖြစ် ဖွင့်လှစ်ခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက သင်တန်းနည်းပြများအဖြစ် ဆောင်ရွက်၍ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၆၅၂၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ၊ ဈေးနှုန်းများဆက်တိုက်ကျဆင်းလျက်ရှိ

နေပြည်တော် မေ ၁၈

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ မေ ၁၉ ရက်မှ ၂၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆၅၂၅ ကျပ် ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်းသိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ် တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင်ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်းသိရသည်။ စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ မြန်မာနိုင်ငံသို့ CIF စနစ်အရ တင်သွင်းနေသည့် စားအုန်းဆီတစ်တန်ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလမှ ဆက်တိုက်ကျဆင်းလာခဲ့ရာ ပြည်တွင်း တစ်ပိဿာ လက်ကားရည်ညွှန်းဈေးနှုန်းမှာလည်း အဆိုပါ လေးလတာကာလအတွင်း ၇၅၅ ကျပ် ကျဆင်းလာကြောင်း သိရသည်။

သတင်းစဉ်

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံး အရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့် ယာဉ်အဝင်အထွက် ထိန်းချုပ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## မင်းဘူးမြို့ စုပေါင်းဈေးရောင်းပွဲတော်တွင် လာရောက်လည်ပတ်သူများဖြင့် စည်ကား

**မင်းဘူး မေ ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ နယ်လှည့်ဈေးရောင်းချသူများအဖွဲ့က ဦးဆောင်ကျင်းပသည့် စုပေါင်းဈေးရောင်းပွဲတော်ကို မင်းဘူးမြို့ အမှတ်(၄)ရပ်ကွက်ရှိ ဗြဟ္မစိုရ် လူမှုကူညီရေးအသင်းရုံးဝင်းအတွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ မေ ၁၆ ရက်၊ ညပိုင်းက လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရ သည်။



မင်းဘူးမြို့ စုပေါင်းဈေးရောင်းပွဲတော်တွင် အဝတ်အထည်၊ ဦးထုပ်၊ ဖိနပ် စသည့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ မီးဖိုချောင်နှင့် အိမ်သုံးပစ္စည်းအမျိုးမျိုး၊ ကလေးကစားစရာ အရုပ်ပစ္စည်းအမျိုးမျိုးနှင့် လက်ဆောင်ပစ္စည်းအမျိုးမျိုး အပြင် စားသောက်ဆိုင်တန်းများ၊ အညာဒေသ ရိုးရာမုန့်မျိုးစုံဆိုင်တန်းများ၊ ကလေးကစားကွင်းများနှင့် အပျော်တမ်းဂိမ်းကစားနည်းများလည်းပါဝင်ကာ ဆယ့်နှစ်လရာသီ နယ်လှည့်ဈေးရောင်းချသည့် ဈေးသည်များ အဆင်ပြေစေရန် လာရောက်ရောင်းချခွင့် ပြုပေးခဲ့ကြောင်း၊ အဆိုပါ ဈေးရောင်းပွဲတော်ကို မေ ၁၁ ရက်မှ ၁၇ ရက်အထိ ၈ ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဈေးရောင်းပွဲတော်သို့ ရပ်နီး၊ ရပ်ဝေးမှ လာရောက်လည်ပတ်သူများဖြင့် အထူးစည်ကားကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

(ဝဲပုံ)

(၅၀၀)

၀-၀-၀-၀-၀

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လုပ်ငန်းသစ် ကိုးခုကို ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်ပြု

**မန္တလေး မေ ၁၈**

ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခွင့်နှင့် ပတ်သက်၍ မေ ၁၆ ရက်က ပြုလုပ်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) ၏ (၃/၂၀၂၅)အစည်းအဝေးမှ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများပါဝင်သော လုပ်ငန်းသစ် ကိုးခုကို ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့သည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)သည် နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ခြောက်ခုနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် သုံးခု၊ စုစုပေါင်း ကိုးခုဖြစ်ပြီး လုပ်သား ၉၀၀ ကျော်ကို အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဟု ဆိုသည်။

"ပြည်တွင်း၊ပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေ များပြားလာတာနဲ့အမျှ အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်မှုရှိလာမှာပါ။ ၂၀၂၅ ခုနှစ် ဧပြီလကုန်အထိ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ဆောင်ရွက်လျက်ရှိတဲ့ နိုင်ငံနဲ့ဒေသပေါင်း ၅၃ခုမှာ စင်ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့က ရင်းနှီးမြှုပ်နှံမှုအများဆုံး ဖြစ်ပါတယ် "ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။




ခွင့်ပြုခဲ့သည့်လုပ်ငန်းများမှာ ဆိုလာနှင့် ဆက်စပ်လုပ်ငန်း၊ လျှပ်စစ်သွယ်တန်းမှုနှင့် ဆက်စပ်လုပ်ငန်း၊ အရန်သင့်အစားအစာ ထုတ်လုပ်သည့်လုပ်ငန်း၊ CMP အထည်ချုပ်လုပ်ငန်း၊သံနှင့်သံမဏိ အခြေခံပစ္စည်းထုတ်လုပ်သည့်လုပ်ငန်းတို့ပါဝင်ပြီး အမေရိကန်ဒေါ်လာ ၃၅သန်းကျော်နှင့် ငွေကျပ် ဘီလီယံ ၃၀ ကျော်ကို ရင်းနှီးမြှုပ်နှံမည်ဟု သိရသည်။

စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံမှုကဏ္ဍများမှ စွမ်းအင်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၈ ဒသမ ၃၄ ရာခိုင်နှုန်း၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၄ ဒသမ ၆၉ ရာခိုင်နှုန်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၄၉ ရာခိုင်နှုန်း ဖြစ်သည်ဟု ဆိုသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၉)

*-*-*-*-*

# သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁၈**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်အတွင်းရှိ ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်နိုင်ရန်နှင့် ရောဂါဖြစ်ပွားမှုမရှိစေရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို ယမန်နေ့က အလျင်လို ကျေးရွာတွင် ဒုတိယအကြိမ်အဖြစ် ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလင်းပြည့်သိမ်းဦးစီး၍ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူများပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်နိုင်ရန်အတွက် လူနေအိမ်များနှင့်စာသင်ကျောင်းဝင်းအတွင်းရှိ သောက်သုံးရေကန်များ၊ ခြင်များခိုအောင်း နေထိုင်ပေါက်ဖွားမှုမဖြစ်စေရေးအတွက် ရေအိုး၊ သောက်သုံးရေကန်များကို ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်း၊ ရေသိုလှောင်ကန်များအတွင်းသို့ အဘိတ်ဆေးခတ်ခြင်းများဆောင်ရွက်ပြီး သွေးလွန်တုပ်ကွေးရောဂါ ကြိုတင် ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

အောင်ကို(ပြန်/ဆက်)



ရေနုတ်မြောင်းအတွင်း
အမှိုက်မစွန့်ပစ်ခြင်းဖြင့်
သင်၏ ဂုဏ်ကို မြှင့်တင်ပါ။



# ကျောက်ပန်းတောင်းမြို့နယ်ထွက် ကြက်သွန်နီဈေးနှုန်း တစ်ပိဿာငွေကျပ် ၁၆၀၀ သာ ရောင်းချနေရ

**ညောင်ဦး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်တောင်သူများ စိုက်ပျိုးထွက်ရှိထားသည့် ဆောင်းကြက်သွန်နီ ခေါ် လှောင်ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀ ဖြစ်နေရာမှ ၁၅၀၀ သို့ ဈေးပြန်လည်ကျဆင်းခဲ့ကြောင်း ကြက်သွန်နီပွဲစားဦးနန်းတင့်ထံမှ သိရသည်။

ဆောင်းကြက်သွန်နီဈေးနှုန်းများ ဧပြီ၊ မေလပထမပတ်တို့တွင် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ မှ ၁၆၀၀ ဈေးအထိ ဈေးနှုန်းတက်ခဲ့ပြီး ဧပြီလမှ မေလမထမပတ်မှာပင် ကြက်သွန်နီဈေးနှုန်း ပြန်လည်ကျဆင်းခဲ့ပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ဖြစ်နေခဲ့သည်။ ကျောက်ပန်းတောင်းမြို့နယ်တွင် ဆောင်းကြက်သွန်နီခေါ် လှောင်ကြက်သွန်နီ အများအပြားစိုက်ပျိုးကြပြီး ကြက်မောက်တောင်ချောင်းတစ်လျှောက် စိုက်ပျိုးခြင်း၊ ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင် ကျေးရွာများမှ စိုက်ပျိုးခြင်း၊ ရေဆုံးအုပ်စုကျေးရွာများတွင် စိုက်ပျိုးခြင်းနှင့် စိတ္တိန်း၊ ကမ်းဖြူကျေးရွာများတွင် စိုက်ပျိုးကြကြောင်း၊ ဆောင်းကြက်သွန်တစ်သီးစိုက်ပျိုးရန် ပျိုးထောင်ချိန်မှ စိုက်ပျိုးချိန်၊ နုတ်သိမ်းချိန်အထိ အချိန်ခြောက်လကျော်ကြာမြင့်ကြောင်း၊ ဆောင်းကြက်သွန်မျိုးစတင်ပျိုးထောင်ချိန် သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် ပျိုးထောင်ကြပြီး ပျိုးသက် ၄၅ ရက်ရှိလျှင် ကြက်သွန်စိုက်ခင်းအတွင်းသို့ ရွှေ့ပြောင်းစိုက်ရကြောင်း၊ ရွှေ့ပြောင်းမစိုက်ပျိုးခင်အချိန်အထိ ထွန်ရေးညက်အောင်ထွန်ယက်ရခြင်း၊ မြေဆီ၊ မြေဩဇာနှပ်ထားရခြင်း၊ ရေလောင်း၊ ရေဖျန်းရန်ကြိုတင် တွင်းတူး၊ တွင်းဖော်ရခြင်းများ ကြိုတင်လုပ်ဆောင်ထားရကြောင်း၊ စိုက်ပျိုးချိန် ပျိုးနုတ်ရန် အလုပ်သမား၊ အလုပ်သမငှားရမ်းရခြင်း၊ စိုက်ပျိုးဖို့ အလုပ်သမအမြောက်အမြား ငှားစိုက်ရခြင်းများက ကြက်သွန်စိုက်ပျိုးသူများ ငွေကုန်ကြေးကျများသည့် လုပ်ငန်းဖြစ်သော်လည်း နှစ်စဉ်နှစ်တိုင်း စိုက်ပျိုးကြကြောင်း ညောင်ဖြူပင်ကျေးရွာမှ ဦးသာဒင်က ရှင်းပြသည်။ ဆောင်းကြက်သွန်နီဈေးနှုန်းများ နှစ်နှစ်ဆက် အရှုံးပေါ်ခဲ့သော်လည်း ယခုနှစ်တွင် ဈေးနှုန်းကောင်းရန် မျှော်လင့်နေကြကြောင်း၊ သီတင်းကျွတ်လ၊ တန်ဆောင်မုန်းလတို့တွင် ကြက်သွန်နီဈေးနှုန်းအမြင့်ဆုံးသို့ ရောက်ရှိတတ်ကြောင်း၊ ကြက်သွန်နီဈေးနှုန်းမေလအတွင်း တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ဈေးဖြစ်နေခြင်းက ကြက်သွန်စိုက်ပျိုးတောင်သူများ ထုတ်ရောင်းရမလို၊ ဆက်ပဲ လှောင်ထားရမလိုဖြစ်နေကြောင်းလည်း ဆပ်ပြာကျင်းကျေးရွာမှ ကြက်သွန်စိုက်ပျိုးတောင်သူ ဦးဇော်ချင်းက ပြောကြားကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၁)

# စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းကော်မတီဝင် ဖွဲ့စည်းဆောင်ရွက်

**ညောင်ဦး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကုန်းရွာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP)စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းလုပ်ငန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၁၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျေးရွာနေပြည်သူများအား တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း(VDP) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းမူဘောင်များ၊ စီမံကိန်းတွင် လိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ ကော်မတီဝင်များ တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများ၊ ကျေးရွာတွင်း သန့်ရှင်းသာယာလှပရေး ကျေးရွာစွန့်ပစ် အမှိုက်စီမံခန့်ခွဲမှုစနစ် ကောင်းမွန်စေရန် ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျေးရွာတာဝန်ရှိသူများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက မိမိတို့ကျေးရွာတွင် ဦးစားပေး ဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဆောင်ရွက်လိုသည့် စီမံကိန်းလုပ်ငန်းများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ကျေးရွာပြည်သူများ၏ အများသဘောဆန္ဒဖြင့် စီမံကိန်းကော်မတီဝင် ၁၁ ဦးကို ရွေးချယ်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၅)



## မကွေးမြို့ အထက(၃)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မကွေး မေ ၁၈**

မကွေးတိုင်းဒေသကြီး အတွင်းရှိ တိုင်း၊ ခရိုင်နှင့် မြို့နယ်များတွင် မြို့ရွာသန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ်(စနေနေ့တိုင်း) စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မေ ၁၇ ရက် နံနက် ၇ နာရီက မကွေးမြို့ အ·ထ·က(၃) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေး ဌာနဆိုင်ရာများ ပူးပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်နေမှုအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ မကွေးတပ်နယ်မှ တာဝန်ရှိသူများ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ သွားရောက်၍ ကြည့်ရှုအားပေးသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပရဟိတ လူမှုအဖွဲ့အစည်းများ စုပေါင်း၍ မကွေးမြို့ အထက(၃)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ မြက်ပင်များ၊ သစ်ပင်ကြီးများနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေမြောင်းများအတွင်းရှိ အမှိုက်သရိုက်များကို အမှိုက်ကားများဖြင့် စနစ်တကျသိမ်းဆည်းခြင်း စသည့်တို့ကို ဆောင်ရွက်ခဲ့ကြပြီး စုပေါင်း သန့်ရှင်းရေးဆောင်ရွက်သည့် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့စည်းများအား အချိုရည်၊မုန့်၊ စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ဝေငှပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**မောင်နိုင်မင်း(ပြန်/ဆက်)**

## ရာသီပေါ်ထန်းသီးဆန် မန္တလေးတွင် ရောင်းအားကောင်း

**မန္တလေး မေ ၁၈**

မန္တလေးမြို့၊ ဇေယျာဘုမိကုန်းရပ်ကွက်ရှိ၊ ဇေယျာဘုမိကုန်းဘုရားတောင်ဘက်မုခ်တွင် မိတ္ထီလာမြို့နယ်မှ ဒေသခံအများစုသည် တန်ခူးလကုန်ပိုင်းတွင်ရောက်ရှိကာ ရာသီချိန်ဖြစ်သည့် ထန်းသီးဆန်များ ရောင်းချလျက်ရှိရာ ရောင်းအားကောင်းနေသည်။

ထန်းသီးဆန်သည် တစ်နှစ်လျှင် သုံးလဝန်းကျင်သာ ဝယ်ယူစားသုံးနိုင်ပြီး ဆေးဘက်ဝင်သည်ဟု ယုံကြည်ကြသောကြောင့် စားသုံးသူများပြားသည်ဟု ဆိုသည်။

"ထန်းသီးဆန်က နွေတဲ့အချိန်မှာ စားသုံးဖို့ ရောင်းရတာပါ။ ဝါဆိုလကုန်သွားရင် ရင့်ကုန်လို့ စားလို့မကောင်းတော့ဘူး။ ထန်းသီးဆန်နွေချိန်မှာ မန္တလေးကို လာရောင်းကြတာက မိတ္ထီလာနယ်ဘက်က လူတွေချည်းပဲ။ ဒေသခံတွေနဲ့ ဘုရားဖူးဧည့်သည်တွေရဲ့ အလေးထား ဝယ်လိုအားကြောင့် နှစ်တိုင်း ရောင်းကောင်းပြီး ဒီနှစ်မှာ မနှစ်ကထက် ဈေးတက်သွားတယ်"ဟု ထန်းသီးဆန်ရောင်းချသူတစ်ဦးက ပြောသည်။

ထန်းသီးဆန်ဈေးကွက်တွင် ယခင်နှစ်က ထန်းသီးဆန် ငါးဆန်လျှင် ငွေကျပ် ၁၀၀၀ ဖြင့် ရောင်းချခဲ့ပြီး ယခုနှစ် ရာသီတွင် ငွေကျပ် ၁၅၀၀ ဖြင့်ရောင်းချကြောင်း၊ ထန်းပင်ရှားပါးမှု၊ ထန်းပင်တက်အလုပ်သမားရှားပါးပြီး လုပ်အားခဈေးမြင့်မှုနှင့် အခြားကုန်ကျစရိတ်များကြောင့် ဈေးနှုန်းမြင့်လာကြောင်းဆက်လက် ပြောကြားသည်။

ထန်းသီးဆန်များသည် တန်ခူးလကုန်ပိုင်း၊ ကဆုန်လမှ ဝါဆိုလအထိထွက်ရှိပြီး မိတ္ထီလာဘက်မှ အများဆုံးထွက်ရှိကာ ပုဂံညောင်ဦးနှင့် တံတားဦးဘက်မှလည်း ထွက်ရှိကြောင်း၊ လက်ရှိတွင် ဇေယျာဘုမိကုန်းဘုရားတောင်ဘက်မုခ်တွင် ထန်းသီးဆန်ရောင်းချသူပေါင်း ၁၂ ဦးခန့်ရှိပြီး မန္တလေးမြို့ရှိအခြားဈေးများတွင်လည်း ထန်းသီးဆန်ရောင်းချသူများရှိသည်။

သို့ရာတွင် ထန်းသီးဆန်သည် ကြာရှည်မခံသောကြောင့် သိုလှောင်ထားနိုင်ခြင်းမရှိသည့်အတွက်သဘာဝအတိုင်း လတ်လတ်ဆတ်ဆတ်ဖြစ်ရန် ဝယ်သူလာချိန်မှ ထန်းသီးကို ခွဲ၍ အထဲမှ အဖြူရောင်ရှိ ထန်းသီးဆန်ကို ရောင်းချကြသည်ဟု သိရသည်။

**(အောက်ပုံ)**

**ဇေလင်း(MDN)**



## အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေး Talk Show ဆောင်ရွက်

**ရွာငံ မေ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေး Talk Show ကို မေ ၁၇ရက် နံနက်ပိုင်းက ကျင်းပသည်။

အပူဒဏ်အန္တရာယ်ကာကွယ်ရေး အသိပညာပေး Talk Show တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပြည့်ဖြိုးသန့်က Talk Show ကျင်းပရခြင်း၏ရည်ရွယ်ချက်နှင့် ယခုလို အပူချိန်မြင့်သော နွေရာသီတွင် သတိပြုရမည့် အပူဒဏ်အန္တရာယ်များအကြောင်းကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်လက်ထောက်-၃ ဦးချစ်ဆန်းဝင်းက အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ သတိလစ်ခြင်းများမဖြစ်ပွားအောင် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် အပူဒဏ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်းများအကြောင်းကို အကျယ်တဝင့် ဆွေးနွေးပြောကြားကြသည်။

အဆိုပါပြည်သူ့အသိပညာပေး Talk Show များကို လစဉ်တင်ဆက်ပေးလျက်ရှိရာ We Love Ywangan Page တွင် ဝင်ရောက် ကြည့်ရှုနိုင်ကြောင်း သိရသည်။

**(အောက်ပုံ) (၃၃၈)**

## အခြေခံပညာကျောင်းများအား စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မန္တလေး မေ ၁၈**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ ၁၄ လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ အမှတ်(၁၇) အခြေခံပညာအထက်တန်းကျောင်း၌ မေ ၁၇ ရက် နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းထွန်းလင်းနှင့် ဝန်ထမ်းများ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးဌာနမှ ဒုတိယဦးစီးမှူးနှင့် ဆရာ၊ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူးများ၊ ပြည်သူများက ကျောင်းဝင်းအတွင်း သန့်ရှင်းသယာလှပစေရန် အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ အဆောက်အအုံနှင့် မလွတ်ကင်းသည့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ကျောင်းဝင်းအတွင်းရှိ ယာယီရွက်ဖျင်တဲများ ရုပ်သိမ်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြသည်။



အလားတူ မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများအား သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ) (၀၇၀)**

## သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်

**တန့်ယန်း မေ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် ရေတွင်း၊ရေကန်များအား အဘိတ်ဆေးခတ်ခြင်း လုပ်ငန်းတို့ကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များက မေ ၁၇ ရက် နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာကျောင်းတွင် ဆောင်ရွက်ခဲ့သည်။



အဆိုပါသွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများနှင့် ရေတွင်း၊ရေကန်များအား အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်အောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူးနေလင်း၊ အတွင်းရေးမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်စိုးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေး၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရီရီထွေးနှင့် ကျန်းမာရေးဌာနဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးဌာနနှင့် ပူးပေါင်းကာ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**




ကျေးရွာသစ်တော၊ ထင်းမျှောအိမ်တိုင်
လှိုင်လှိုင်ရဖို့ သစ်ပင်စိုက်ပျိုးစို့ ။




## ဝတ္ထုတိုကဏ္ဍ

ထိုနေ့က .....

မိုးကောင်းကင်တစ်ခုလုံးမှာ စိတ်ငြိမ်ဆေးသောက်ထားသော လူနာတစ်ဦးလို ထုံထိုင်းမှိုင်းမှုန်နေသည်။ ကျောက်တုံးကြီးတစ်တုံးနှင့် ပို၍တူသော မည်းညစ်ညစ် မိုးသားတိမ်တိုက်တစ်ခုက တအိအိ မျောပါနေ၏။ ထိုတိမ်တိုက်အစိုင်အခဲသည် မြို့ကလေး၏ ခေါင်မိုးများပေါ်မှ တအိအိနှင့် ပေါလောမျောလိမ့်ကာ ဖြတ်ကျော်ရန် ကြိုးစားနေလေသည်။ ကောင်းကင်မှာ သတ္တုသားတစ်ချပ်ဟု ထင်မှတ်ရလောက်အောင်ကိုပင် အရောင်အဆင်း ကင်းမဲ့လျက် ငြိမ်သက်နေ၏။ စက္ကန့်များသည် တစ်စုံတစ်ရာကို ကိုက်ခဲဝါးမျိုပစ်ရန်အတွက် ခြကောင်များပမာ တရွေ့ရွေ့ ထွက်ကျလာနေကြသည်။ ထိုခြကောင်များသည် ဓာတ်တိုင်အောက်တွင် လဲပြိုနေသော အမှုံးသမားအိုကြီးကို ရှာဖွေတွေ့ရှိသွားကြလိမ့်မည်ထင်ပါသည်။ ကျွန်တော် မှတ်မိသလောက်ဆိုလျှင် ထိုနေ့ နံနက်စောစောပိုင်းလောက်ကပင် အဘိုးကြီးသည် ဒယီးဒယိုင်နှင့် လမ်းသလားကာ အချစ်သီချင်းတစ်ပုဒ်ကို အော်နေခဲ့သေး၏။

ဝေဟင်ထဲတွင် တအိအိလိမ့်နေသော ကျောက်တုံးကြီးနှင့်တူသည့် တိမ်စိုင်ခဲသည် တဖြည်းဖြည်း လေးလံအိကျလာကာ တစ်နေရာ၌ ရပ်တန့်သွားဟန်တူ၏။ ထိုနေ့က .....

ဆောင်းရာသီမှာ ကုန်ဆုံးသွားခဲ့ပြီ။

နွေသည် သူ၏ ကြုံလှီခြောက်သွေ့သော လက်ချောင်းများဖြင့် ကုတ်ခြစ်ကာ ဂိမန္တပြတင်းတံခါးကို ဖွင့်လိုက်လေသည်။ သစ်ရွက်များ တဖြုတ်ဖြုတ်ကြွေကျလျက်ရှိ၏။ ကြွေကျသွားသော သစ်ရွက်ခြောက်များက လေ၌လွင့်လေသည်။ တိုက်ခတ်နေသော လေကတေလေကြမ်းပိုးတစ်ကောင်လို စိတ်ထင်ရာ ဖွတ်သွားနေတော့၏။ နွေနေ့များ။

ကျွန်တော်သည် ကိုယ့်အလုပ်ကိုပင် ကောင်းကောင်းမလုပ်နိုင်တော့ပါ။ နေ့လယ်ခင်းချိန်များ၌ အပူရှိန်သည် တရိပ်ရိပ်မြင့်တက်လာတတ်၏။ စားပွဲခုံပေါ်မှ ဖယောင်းတိုင်များပင် လူးလွန့်ကာ ကောက်တိကောက်ကွေးဖြစ်နေကြလေပြီ။ ကျွန်တော့်အခန်းကလေးမှာ လှောင်အိုက်ကာ မွန်းကြပ်လာတော့၏။ တပ်ဆင်ထားသော ပြတင်းပေါက်သုံးခုစလုံးကိုလည်း ညအခါမှလွဲ၍ မဖွင့်ရဲ။ အပူငွေ့များ တရှိန်ရှိန်ထလျက် ရဲတင်းလွန်းသော နေရောင်ခြည်က ကျွန်တော့်အခန်းကလေးထဲ သို့ဝင်ရောက်ရန် ကြိုးစားလျက်ရှိ၏။ ကျွန်တော့်မှာ အကျဉ်းကျနေသူတစ်ဦးနှင့်ပင် တူနေပါတော့သည်။ ချွေးသီးချွေးပေါက်များသည် အိုက်စပ်စပ်ဖြစ်နေသော အရေပြားမှ ယိုစိမ့်ထွက်ကျလျက်ရှိ၏။ ပိုးမျှင်များ၊ ဖုန်မှုန့်များဖြင့် လုံးထွေးနေသော စာအုပ်ပုံကြီးကိုလည်း မထိရဲ၊ မကိုင်ရဲနိုင်အောင် ဖြစ်နေမိသည်။ စွတ်စိုနေသော ချွေးစေးများပေါ်သို့ ပိုးမျှင်နှင့် ဖုန်မှုန့်များ ပေကျံသွားလျှင် ကျွန်တော်အဖို့ လှောင်ပိတ်ခံထားရသော တောရိုင်းတိရစ္ဆာန်တစ်ကောင်နှင့်မခြား ဖြစ်သွားပါလိမ့်မည်။

ကျွန်တော့်အခန်းထဲတွင် ယခင်က ရှိခဲ့ဖူးသော မှန်တစ်ချပ်ကို စောစီးစွာကပင် ရိုက်ခွဲ၍ လွှင့်ပစ်နိုင်ခဲ့သဖြင့် တော်ပါသေး၏။ မှန်ထဲတွင် ရုပ်ပျက်ဆင်းပျက် ပုံပန်းမကျဖြစ်နေမည့် မိမိပုံကို စိတ်ပျက်ဖွယ်ရာ မြင်တွေ့နေရသည်ထက် မမြင်ရသည်က ပို၍ ကောင်းပါသည်။ ယခင်က ရှိခဲ့ဖူးသော မှန်ချပ်နေရာတွင် "ဗိုဒဲရက်ခ်"၏ ရုပ်ပုံကားချပ်ကို ကျွန်တော်က အစားထိုး တပ်ဆင်ထားပါသည်။ "ဗိုဒဲရက်ခ်"ကို ကျွန်တော်က နှစ်သက်စွဲလမ်းသဖြင့် ချိတ်ဆွဲထားခြင်း မဟုတ်ပါ။ (ကျွန်တော်စွဲလမ်းခဲ့ဖူးသော မိန်းကလေးတစ်ဦးမှာ ခပ်ပိန်ပိန်ကလေးမျှသာဖြစ်ပါသည်။) ထိုရုပ်ရှင်မင်းသမီး၏ ရုပ်ပုံကားချပ်မှာ တစ်ခါတစ်ရံ ဖောင်းထိုးဖြစ်လိုက်၊ တစ်ခါတစ်ရံ ကန့်လန့်ကြီးဖြစ်သွားလိုက် အမျိုးမျိုးဖြစ်နေတတ်ပါသည်။ ကျွန်တော် စိတ်ရူးထသည့်အခါမျိုးတွင် ရုပ်ပုံကားချပ်ထဲမှ မင်းသမီးချော အတော်ကသိကအောက် ဖြစ်ရှာပါလိမ့်မည်။ ဥပမာ-ကျွန်တော်မူးနေသည့်အခါမျိုးတွင် ထိုရုပ်ပုံကို အမျိုးမျိုးလှည့်ကာပြောင်းကာ မျက်စိနောက်လောက်အောင်ပင် လျှောက်လုပ်နေမိတော့၏။ ဒါပေမဲ့ "ဗိုဒဲရက်ခ်"ကတော့ ဘယ်တော့မှ မြင်းစီးမပျက်ပါ။

ကျွန်တော့်အခန်းထောင့်တွင် တံမြက်စည်းတစ်ချောင်းရှိ၏။ ထိုတံမြက်စည်းမှာ အခန်းကလေးထဲသို့ ကျွန်တော့်ထက် စောစီးစွာ ရောက်ရှိနေနှင့်သူဖြစ်၏။

ထိုတံမြက်စည်းကို ကျွန်တော် ကိုင်တွယ်အသုံးမပြုသည်မှာ ကြာပြီ။ မှတ်မှတ်ရရ ကျွန်တော်နှင့် ထိုတံမြက်စည်းနှင့် နှစ်ကြိမ်မျှသာ တွေ့ထိဖူး၏။တစ်ကြိမ်မှာ ဤအခန်းကလေးသို့ ကျွန်တော် စတင်ရောက်သည့်နေ့ကပင် ဖြစ်၏။ အခန်းတံခါးကိုဖွင့်၍ ဝင်လိုက်သည်နှင့် ခလုတ်တိုက်ကာ ကျွန်တော်ယိုင်လဲသွား၏။ ကျွန်တော်နှင့် ခလုတ်တိုက်မိသော အရာဝတ္ထုမှာ ကြမ်းပြင်ပေါ်တွင် ကန့်လန့်ဖြစ်နေသော တံမြက်စည်း တစ်ချောင်းပင်ဖြစ်သည်။ (ဤသည်မှာ တစ်ကြိမ်။) ထိုနေ့က ကျွန်တော်နှင့် ခလုတ်တိုက်မိသော တံမြက်စည်းကို အခန်းထောင့်သို့ လှမ်းပစ်လိုက်ပါသည်။ ထိုအခါမှစ၍ တံမြက်စည်းကလေးသည် အခန်းထောင့် နံရံကိုမှီကာ ငြိမ်ငြိမ်သက်သက်ပင် ရှိနေခဲ့ပါတော့သည်။

တစ်ကြိမ်က ကျွန်တော့်စာရွက်များကို ကြွက်များ ကိုက်ဖြတ်ခံရစဉ်က ဖြစ်ပါသည်။ ကျွန်တော်သည် နဂိုက ကြွက်များကို မုန်းတီးတတ်သူတစ်ဦး မဟုတ်ပါ။ သို့သော် ထိုနေ့က ကျွန်တော့်စာရွက်များကို ကိုက်ဖြတ်သွားသော ကြွက်များအား တော်တော်ဒေါသထွက်နေမိခဲ့သည်။ စုတ်ပြတ်ကြေမွနေသော စာအုပ်များကိုကြည့်ရင်း ကျွန်တော် ဒေါသဖြစ်နေခိုက် ကြွက်တစ်ကောင်သည် ကျွန်တော့်ရှေ့မှ (ပမာမခန့်)ဖြတ်လျှောက်သွားသည်ကို တွေ့မြင်လိုက်ရ၏။ (ထိုကြွက်မှာ ကျွန်တော့်စာရွက်များကို ကိုက်ဖြတ်ရာတွင် ပါဝင်ခဲ့သူဖြစ်ချင်မှ ဖြစ်ပါလိမ့်မည်။ သို့သော် ကျွန်တော့်စာအုပ်များကို ကိုက်ဖြတ်သွားသည်မှာ ကြွက်မှလွဲ၍ အခြားသတ္တဝါမဖြစ်နိုင်တာ အလွန်သေချာပါသည်။) ကျွန်တော်သည် ထိုကြွက်ကို ဖမ်းရန် ဟန်ပြင်လိုက်သည်နှင့် သူက လှစ်ခနဲပြေး၍ အခန်းထောင့်ရှိ တံမြက်စည်းမွေးစုတ်ဖွားများအောက်သို့ ဝင်ရောက်ပုန်းအောင်းနေလိုက်၏။ (ထိုတံမြက်စည်းကို ကြွက်များ အသုံးချနေကြသည်မှာ အတော်ပင် ကြာမြင့်ခဲ့ဟန် တူပါသည်။ တံမြက်စည်းကလေးမှာ ကြွက်များအတွက် အသိုက်တစ်ခုသဖွယ် အသုံးဝင်၍ ဟန်ကျနေပုံရပါ၏။) ကျွန်တော်သည် တံမြက်စည်းရိုးကို ဆွဲကိုင်မြှောက်ကာ အားရပါးရ ရိုက်ချလိုက်ပါသည်။ (ကြွက်များကို ဤနည်းဖြင့် နှိမ်နင်းခြင်းမှာ အချည်းနှီးသာဖြစ်ကြောင်း နောင်တွင် ကျွန်တော်သိလာရပါသည်။) ကျွန်တော် ရိုက်ချလိုက်သော တံမြက်စည်းက ကြမ်းနှင့် မထိမီမှာပင် ကြွက်ကလေးက ကျွန်တော့်ဦးခေါင်းပေါ်သို့ ခုန်ချကာ ဆံပင်များပေါ်မှတစ်ဆင့် သူတို့၏ လျှို့ဝှက်လမ်းကြောင်းအတိုင်း ထွက်ပြေးလွတ်မြောက်သွားပါတော့သည်။ (ကြွက်များသည် အစာကို အာသာငမ်းငမ်း တပ်မက်ပုံမှာ လူနှင့်အတူတူပင် ဖြစ်သော်လည်း လွတ်လမ်းနှင့် ထွက်ပေါက်ရှာတတ်ရာတွင် လူ့ထက်ပင် သာလွန်သော အရည်အချင်းရှိကြ၏။) ကျွန်တော်သည် မကျေမနပ်ဖြစ်ကာ တံမြက်စည်းကို ဆုပ်ကိုင်ရင်း ကျန်ရစ်ခဲ့ပါတော့သည်။ ဒါပေမဲ့ ကြွက်တစ်ကောင်ရဲ့ လျင်မြန်ဖျတ်လတ်ပုံကို စိတ်ထဲမှာ ကြိတ်၍ ချီးကျူးလိုက်မိပါ၏။

ထိုအခါမှစ၍ တံမြက်စည်းကလေးကို အခန်းထောင့်သို့ ပြောင်းပြန်ထောင်ထားလိုက်သည်မှာ ယနေ့ထက်တိုင်အောင်ပင်ဖြစ်ပါသည်။ ကျွန်တော်လည်း ကြွက်များနှင့် ရန်ဖြစ်ရလောက်အောင် ညံ့ဖျင်းမိုက်ခဲသူတစ်ဦး မဟုတ်တော့ချေ။ စကားမစပ် ကျွန်တော့်သက်တမ်းတစ်လျှောက်တွင် ခပ်ပျော့ပျော့ကဗျာများ၊ အညံ့စားကဗျာများ ဖတ်ခဲ့မိဖူး၏။ ထိုအထဲက အညံ့တကာ အညံ့ဆုံးကဗျာရေးဖွဲ့သူ ကဗျာဆရာကို ထိုကြွက်စုတ်တစ်ကောင်လောက် လက်ဆောင်ပေးလိုက်ချင်ပါသည်။ (မိတ်ဆွေ သဘောတူပါသလား။)

အနည်းငယ် ဟ,နေသော ပြတင်းတံခါးမှ ငုံ့စောင်းကြည့်လိုက်မည်ဆိုပါလျှင် ဗာဒံပင်ကို လက်နှစ်ဖက်မြှောက်ပြနေသော အရိုးစုကမ္ဘာ့ဘုန်းကောင်အလား တွေ့မြင်ကြရလိမ့်မည်။ တိုက်ခတ်နေသော လေသည် သူရူးတစ်ယောက်လောက်မှပင် ဣန္ဒြေမရဘဲ ဖြစ်စေ၏။ နွေနေ့လယ်ခင်းကား အရေးအသားညံ့ဖျင်းလှသော ခေတ်ပေါ်ဝတ္ထုတစ်ပုဒ်ဖတ်ရှုနေရသလို ငြီးငွေ့ဖွယ်ရာ ကောင်းလှတော့၏။ ပျင်းရိထုံထိုင်းလွန်းသူတစ်ဦးနှင့် စကားပြောနေရသလို စိတ်လှုပ်ရှားမှုကင်းမဲ့ကာ ငြီးငွေ့စိတ်ပျက်ဖွယ်လည်း ကောင်းနေပြန်တော့၏။ စားပွဲပေါ်မှ ဖယောင်းတိုင်များမှာ တစ်စုံတစ်ဦးက ကွေးညွတ်ထားသလို အပူဒဏ်သင့်ကာ ယိုင်တွန့်ကွေးကောက်နေကြ၏။

စားပွဲပေါ်မှ နာမည်ကျော် ကဗျာဆရာတစ်ဦး၏ "စိမ်းလန်းသော အိပ်မက်များ"အမည်ရှိ ကဗျာစာအုပ်ရှိ၏။ ထိုစာအုပ်ထဲမှ ပုံနှိပ်စာလုံးများ(သို့မဟုတ်)ကဗျာများကို တစ်စုံတစ်ဦးအား ကျွန်တော်ဖတ်ပြနေချင်မိသည်။ ထိုကဗျာဆရာကို ကျွန်တော်မတွေ့ဖူးသေးပါ။ သူ့ကဗျာများကိုတော့ ကျွန်တော်သဘောတွေ့မိသည်မှာ သေချာပါသည်။ သူ့ကဗျာများကို ဖတ်နေရသည်မှာ ရုပ်ရှင်ကားတစ်ခု ကြည့်နေရသလို၊ သီချင်းတစ်ပုဒ် နားထောင်နေရသလို၊ ပုစ္ဆာတစ်ပုဒ် တွက်ချက်နေရသလို နှစ်သက်ကြည်နူးအံ့သြဖွယ်ရာ ကောင်းလှပေသည်။ (သူ့ကဗျာများက ကဗျာနှင့် တူလွန်းမနေခြင်းကပင် ကျွန်တော့်ကို ဆွဲဆောင်နိုင်ခဲ့သည်။) ထိုကဗျာဆရာနှင့် တွေ့ဆုံမှ ကျွန်တော့်ဖယောင်းတိုင်များအကြောင်းကို ကဗျာတစ်ကြောင်းတလေလောက်ဖြစ်ဖြစ် ရေးဖွဲ့ဖို့ ပြောကြည့်ချင်ပါသေးသည်။

ဤမြို့ကလေး၏ ရာသီဥတုမှာ အတော်ပင် ပြင်းထန်ဆိုးရွားပေ၏။ ဆောင်းရာသီတုန်းက ချမ်းစိမ့်ခဲ့ပုံမှာ အရိုးများ ကွဲအက်မတတ်ပင် ထင်မှတ်ရ၏။ ထိုစဉ်က တိုက်ခတ်သောလေမှာ အသွားထက်ထက် ဓားတစ်လက်နှင့် တို့ထိပွတ်တိုက်သွားသလို စိမ့်ခနဲကျောချမ်းစရာကောင်းလှ၏။

(ဆက်လက်ဖော်ပြပါမည်)

# ကွယ်လွန်သွားကြသူများအား ရည်စူး၍ ဆွမ်းပဒေသာပင်လှူဒါန်း

**မန္တလေး မေ ၁၈**

နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်း ကျောင်းတွင် ယမန်နေ့ နံနက်က ဆွမ်းပဒေသာပင်အတွက် အလှူ ငွေပေးအပ်ပွဲ ကျင်းပသည်။



ရေးဦးစွာ ကျောင်းအုပ်ဆရာ တော်အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂ မဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တကောသလ(မွှာစရိယ၊ B.A)က ဟောကြားချီးမြှင့်သော ရေစက်ချအနုမောဒနာတရား နာယူ ကြည်ညိုကြ၍ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော ငလျင် ကြီးကြောင့် ကွယ်လွန်သွားကြ သော ဖခင် ဦးခင်မောင်လေး၊ မိခင် ဒေါ်သန်းသန်းအေး၊(သား)ကိုလှိုင် ဘွားထက်၊ (မြေး)မောင်အောင် ခန့်ကောင်းဇော်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုက ရာသက်ပန် ဆွမ်းပဒေသာအတွက် အလှူငွေ ကျပ် သုံးသိန်းကို ပေးအပ်လှူဒါန်း ရာ ဥပဋ္ဌာကအဖွဲ့ တွဲဖက် အတွင်းရေးမှူး ဦးကျော်ဝင်းက လက်ခံရယူသည်။ (ဝဲပုံ)

ထို့နောက် အလှူရှင်မိသားစု က ကွယ်လွန်သွားကြသူများအား ရည်စူး၍ ကျောင်းအုပ်ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာ တော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**PNT**

*-*-*-*-*

ပတ်စရော၊ မှတ်စရာ
စုံလင်
မန္တလေး တိုင်းမ်

# သမီးလေး

\- - - - - -

* သမီးလေး ချစ်စဖွယ်
ပါးကွက်ကျားနဲ့ကွယ်၊
မေမေ့ရင်မှာ ပီတိဖုံး
သမီးအလှဆုံး ။

* တီတီတာတာ ပြောတဲ့အခါ
မေမေ နားထောင်ကာ၊
မပီကလာ သူ့စကား
မေမေ့နှလုံးသား ။

* သမီးလေး အိပ်ချိန်တန်
မေမေ ချော့သိပ်ပြန်၊
တေးဆိုသံဝယ် နားဆင်မေး
သမီး အိပ်ပြီလေး ။ ။

**ကျော်ကြီး (ကချင်မြေ)**

# စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းပေး

**တာလေ မေ ၁၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနသည် စာဖတ်ရှိန် မြှင့်တင်ရေး နယ်လှည့်စာကြည့် တိုက်စနစ်ဖြင့် စာဖတ်ပရိသတ် ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များ ငှားရမ်းပေးခြင်းကို အပတ်စဉ် ကွင်းဆင်းဆောင်ရွက် ပေးလျက်ရှိရာ မေ ၁၆ ရက် နံနက် ၉ နာရီခွဲက ဌာနဆိုင်ရာ ရုံးများသို့ သွားရောက်၍ အခမဲ့ ငှားရမ်းပေးခဲ့ကြသည်။

ထိုသို့ ငှားရမ်းပေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ဝန်ထမ်းများက ရသစာအုပ်ပေါင်း ၁၅၀ ကို သယ်ဆောင်၍ တာလေမြို့ရှိ မီးသတ်ဦးစီးဌာန၊ စည်ပင်သာယာ ရေးဌာနထံမှ ယခင်အပတ် ငှား ရမ်းထားသော စာအုပ်၊ စာစောင် များ ပြန်လည်အပ်နှံမှုကို လက်ခံ ခြင်း၊ စာအုပ်၊ စာစောင်အသစ် များ ထပ်မံငှားရမ်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန တာလေ မြို့ရုံးအနေဖြင့် စာချစ်သူမိဘ ပြည်သူများနှင့် လူငယ်၊ လူရွယ် များ၊ စာပေဝါသနာရှင်များ အချိန်ကို အကျိုးရှိစွာ အသုံးချ တတ်စေရန်၊ အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားတတ်စေရန်၊ စာဖတ် သည့် အလေ့အထများရရှိစေရန် နှင့် စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက်ငှားရမ်း ဖတ်ရှုနိုင်ခြင်းမရှိသည့် စာဖတ် ပရိသတ်များ အဆင်ပြေစွာ ငှားရမ်းဖတ်ရှုနိုင်စေရန် ရည်ရွယ် ၍ အပတ်စဉ် ကွင်းဆင်းငှားရမ်း ပေးလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



# ၂၀၂၅ -၂၀၂၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ် မြေစိုက်ဘုတ်စိုက်ထူ

**ဆိပ်ဖြူ မေ ၁၈**

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်တွင်၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းနေအရွယ် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်နှံရေး သီတင်းပတ် နှိုးဆော်အသိပေး မြေစိုက်ဘုတ် စိုက်ထူခြင်းကို မေ ၁၅ ရက် နံနက် ၈နာရီက ကျင်းပသည်။

ဆိပ်ဖြူမြို့နယ်တွင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၌ ကျောင်းနေ အရွယ်စာရင်းရှိ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၇၃၈၉ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၀၁၇ ဦး၊ အထက်တန်းအဆင့် ကျောင်း သား၊ ကျောင်းသူ ၁၉၈၂ ဦး စုစုပေါင်း ကျောင်းနေအရွယ် ကျောင်းသား၊ ကျောင်းသူ ၁၂၃၈၈ ဦးရှိပြီး ကျောင်းသား၊ ကျောင်း သူများနှင့် အုပ်ထိန်းသူမိဘများ အနေဖြင့် ကျောင်းအပ်နှံရေး သီတင်းပတ်ဖြစ်သည့် မေ ၂၂ ရက်မှ ဇွန် ၁ ရက်များအတွင်း အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနိုင်ရေးအတွက် "ကျောင်းနေအရွယ်ကလေးများ အားလုံး စဉ်ဆက်မပြတ် ပညာ သင်ယူဖို့ ကျောင်းအပ်နှံကြစို့" ကျောင်းအပ်နှံရေး သီတင်းပတ် နှိုးဆော်ရေး မြေစိုက် ဘုတ်များ အား မြို့နယ်ပညာရေးမှူးရုံးနှင့် အခြေခံပညာအထက်တန်းကျောင်း တို့တွင် မြို့နယ်ပညာရေးဝန်ထမ်း များနှင့် အခြေခံပညာကျောင်း များမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများက စိုက်ထူ ကြကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



# ဆင်ပေါင်ဝဲမြို့ (Community Centre) တွင် Book Club အသင်း စာဖတ်ဝိုင်း ဆွေးနွေးပွဲ ကျင်းပ

**ဆင်ပေါင်ဝဲ မေ ၁၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ဆင်ပေါင်ဝဲမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုး သူများအသင်း ပူးပေါင်း၍ စာဖတ် ဝိုင်း ဆွေးနွေးပွဲကို မေ ၁၅ ရက် နံနက် ၁၀ နာရီက ဆင်ပေါင်ဝဲ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက စာပေချစ်မြတ်နိုး သူများ တစ်ဦးနှင့်တစ်ဦး ချစ်ခင် ရင်းနှီးမှုရရှိစေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေ ရန်၊ စာဖတ်ရှုခြင်းဖြင့် ရရှိလာ သော အသိပညာဗဟုသုတများ ကို စာဖတ်သူအချင်းချင်း အပြန် အလှန်ဆွေးနွေးနိုင်ရန်ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာ သည့် Book Club အဖွဲ့ဝင်များ က စာရေးဆရာ ချစ်နိုင်(စိတ်ပညာ) ရေးသားထားသည့် "အောင်မြင် ခြင်းရဲ့အုတ်မြစ်" စာအုပ်တွင် ပါ ရှိသည့်အကြောင်းအရာများကို ဆွေးနွေးကြရာ Book Club အဖွဲ့ဝင် ဦးချစ်ထွေးက "ပညာကို မြတ်နိုးတတ်သော၊ပညာအကျင့်၊ လမ်းမှန်သိမြင်" ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးခဲ့ပြီး တက် ရောက်လာကြသည့် စာပေချစ်သူ များကလည်း ဆွေးနွေးမှုများ အပေါ် သိရှိလိုသည်များအား အပြန်အလှန် မေးမြန်းဆွေးနွေး ခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**






# အဋ္ဌမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၃၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပ

**မန္တလေး မေ ၁၈**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ် စောမွန်လှသစ္စာအဓိဋ္ဌာန်အောင်ဆုတောင်းပြည့် မြတဘက်နဂါးကိုးကောင်ဘုရား စောမွန်လှပေါ်တော်မူဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ပြင်ပအဖွဲ့ရ ဒုရဲအုပ်လောင်းသင်တန်း အပတ်စဉ်(၁၇/၈၆) သင်တန်းဆင်း(ရဲ၊ စစစ၊ မီးသတ်၊ အကျဉ်းဦးစီး) အရာရှိများနှင့် စုပေါင်းပါဝင်တည်ထားကိုးကွယ်ခဲ့ကြသော 'လောကချမ်းသာ အလိုတော်ပြည့်စေတီတော်မြတ်ကြီး' အဋ္ဌမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၃၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ကောဇာသက္ကရာဇ် ၁၃၈၇-ခုနှစ်၊ ကဆုန်လပြည့်ကျော် ၇ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ နံနက် ၈ နာရီတွင် အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ကြပြီး လောကချမ်းသာ အလိုတော်ပြည့်ဘုရားအား အနေကဇာတင်လှူပူဇော်ခဲ့ကြပြီး ပရိတ်တရားတော်များ နာယူကြည်ညိုခဲ့ကြကာ တရားချီးမြှင့်တော်မူသည့် ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုနှင့် နဝကမ္မများကို အသီးသီးဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် နဂါးကိုးကောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ရာဇိန္ဒထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အနုမောဒနာတရားတော် နာယူကြည်ညိုခဲ့ကြပြီး 'ဗုဒ္ဓသာသာနံ စိရံ တိဋ္ဌတု' သုံးကြိမ်ရွတ်ဆိုကာ အခမ်းအနားအောင်မြင်စွာ ပြီးဆုံးခဲ့သည်။ ဆက်လက်၍ ပင့်သံဃာတော် (၁၁)ပါးတို့က လောကချမ်းသာ အလိုတော်ပြည့်စေတီတော်ကို လက်ယာရစ်ပူဇော်ခံ၍ ဆွမ်းကြီးခံ ကြွတော်မူခဲ့ကြသည်။

သံဃာတော်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ဧည့်ပရိသတ်အပေါင်းတို့အား ဧည့်ခံကျွေးမွေးလျက် ပထမပိုင်းကို ပြီးဆုံးစေခဲ့သည်။ ဆက်လက်၍ အာစရိယပူဇော်ပွဲကို 'နမောတဿ' သုံးကြိမ် ရွတ်ဖတ်၍ ဖွင့်လှစ်ခဲ့ကြပြီး ရှေးဦးစွာ ဆရာများနှင့် တပည့်များ အပြန်အလှန် မိတ်ဆက်ခဲ့ကြသည်။ ထို့နောက် ဒုရဲအုပ်လောင်း သင်တန်းအမှတ်စဉ်(၁၇/၈၆) ကျောင်းဆင်းအရာရှိအဖွဲ့မှ မန္တလေးကျောင်းမှ သင်ဆရာများအား လက်အုပ်ချီမိုးရှိခိုးကန်တော့ကြရာ ဆရာများက ဩဝါဒဆုံးမစကားများ ပြန်လည်ပြောကြားကြသည်။

ထို့နောက် ဆရာများအား ကန်တော့လက်ဆောင်ပစ္စည်းများ ရှိသေစွာ ပေးအပ်ခဲ့ကြပြီး သင်တန်းဆင်းတစ်ဦးက သင်တန်းသားများကိုယ်စား ကျေးဇူးတင်စကားများ ပြောကြားခဲ့ကြပြီး 'ဗုဒ္ဓသာသနံစိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(ကဆ)**

၀-၀-၀-၀-၀-၀-၀





# ပြင်ဦးလွင်မြို့နယ် သဒ္ဓမ္မပါလရွှေကျောင်းတိုက်၊ အောင်ဆန်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာခွဲသို့ အလှူငွေများ လှူဒါန်း

**ပြင်ဦးလွင် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အင်းယားကျေးရွာအုပ်စု၊ ကျီးကိုင်ကျေးရွာရှိ သဒ္ဓမ္မပါလရွှေကျောင်းတိုက်၊ အောင်ဆန်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာခွဲ၌ သီတင်းသုံးနေထိုင်ကြကုန်သော ရဟန်း၊ သာမဏေ ၂၈ ပါး၊ ခေတ္တသီတင်းသုံးလျက်ရှိသည့် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ် သကျဓိတာ သီလရှင်စာသင်တိုက်မှ ဆရာကြီး၊ ဆရာလေး ၂၅၀ ပါး၊ စုစုပေါင်း ၂၇၈ ပါးတို့အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လှူဒါန်းပွဲအခမ်းအနားကို မေ ၁၆ ရက် နံနက် ၁၀ နာရီက အဆိုပါ ဓမ္မရိပ်သာခွဲ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခြင်း၊ သဒ္ဓမ္မပါလရွှေကျောင်းတိုက်၊ အောင်ဆန်းမိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာခွဲ ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ခြင်း၊ ဆရာတော်ကြီးအမှူးပြုသော ဆရာကြီး၊ ဆရာလေးတို့ထံမှ မေတ္တသုတ် အစရှိသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ဇနီးနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ဇနီးများအဖွဲ့၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့သည် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများအား ဆရာတော်ကြီးထံသို့ ဆက်လက်လှူဒါန်းခြင်းနှင့် ရေစက်ချ အနုမောဒနာတရားနာယူကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များ၊ ဆရာကြီး၊ ဆရာလေးများအား နေ့ဆွမ်းဆက်ကပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)(ခရိုင်ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**သရက် မေ ၁၈**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို မေ ၁၆ ရက် နံနက် ၉ နာရီက အနောက်ရပ်တောင်ပိုင်းရပ်ကွက်တွင် ကွင်းဆင်း ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ခြင်းကို တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြည်သူလူထုများ ပူးပေါင်း၍ ခြင်မှတစ်ဆင့် ကူးစက်တတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးလောက်လမ်းနှိမ်နင်းရေးဖြစ်သော ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်ခြင်း မသွန်နိုင်၊ မလှယ်နိုင်သော ရေကန်များ၊ ကျောက်စည်များအတွင်း အဘိတ်ဆေးခတ်ပေးခြင်းများ၊ ကျန်းမာရေးပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပန်းအိုးများကို သုံးရက်တစ်ကြိမ် ရေလဲပေးရန် ကျန်းမာရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀-၀



# မြန်မာ့အာမခံလုပ်ငန်းမှ မီးနှင့် မြေငလျင်ဘေးဒဏ်အကာအကွယ်ဖြင့် အာမခံထားရှိသူများအား အမြန်ဆုံးလျော်ကြေးငွေ ပေးအပ်

**မန္တလေး မေ ၁၈**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းတွင် မီးနှင့် မြေငလျင်ဘေးဒဏ် အကာအကွယ်ဖြင့် အာမခံထားရှိခဲ့သော အစိုးရဌာနများ၊ လုပ်ငန်းရှင်များနှင့် ပြည်သူပိုင် အဆောက်အအုံများ၊ စက်ပစ္စည်းနှင့်ကုန်ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုများကို စိစစ်တွက်ချက်၍ အမြန်ဆုံးလျော်ကြေးငွေများ ပေးအပ်လျက်ရှိသည်။ မန္တလေးမြေငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုများအား နီးစပ်ရာ မြန်မာ့အာမခံလုပ်ငန်းရုံးခွဲများသို့ ဆက်သွယ်၍ လျော်ကြေးတောင်းခံစာများ ပေးပို့ကြရန် အသိပေးထားသည်။



မန္တလေးမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သောမြို့များရှိ ငလျင်ဘေး အပါအဝင် မီးအာမခံထားရှိခဲ့သော ပြည်သူများအား မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူများ သွားရောက်ခဲ့ပြီး လျော်ကြေးငွေများ ပေးအပ်လျက်ရှိရာ မေ ၁၅ ရက်က မီးအာမခံထားရှိသော ဦးသက်ထွန်းအောင်ပိုင် အဆောက်အအုံသည် အင်အားပြင်းငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုအတွက် လျော်ကြေးငွေကျပ် သိန်း (၆၅ ဒသမ ၇၆၅)အားလည်းကောင်း၊ ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ (အင်ရောင်း)ပိုင် အဆောက်အအုံများ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုအတွက် လျော်ကြေးငွေကျပ်သိန်း (၄၁၈ ဒသမ ၈၄) အားပေးအပ်ခဲ့သည်။ မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ပြည်သူများမှ ယုံကြည်စွာ အာမခံထားရှိမှုအပေါ် အလေးထား၍ လျော်ကြေးများ အချိန်မဆိုင်းဘဲ ပေးလျော်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

**(၀၄၅)**

# နှစ် (၆၆၀) ပြည့် အင်းဝ( ၆ )

ဘကြီးတော်စစ်ကိုင်းမင်းဟာ အင်းဝမြို့တော်ကို အနည်းငယ်ပြုပြင်ပြီး စတုတ္ထအကြိမ်မြို့တော်အဖြစ်နဲ့ နန်းစံတော့ ပထမဆုံးလုပ်တဲ့ အပြောင်းအလဲအဖြစ် အပြင်မြို့ကြီးနဲ့ စည်တိုပုံမြို့ရိုးထိနေတဲ့နေရာ အစနဲ့ အဆုံးမှာ တံခါးတွေ တပ်လိုက်ပါတယ်။ ဒါ့ကြောင့် အင်းဝမြို့တော်ရဲ့ ဆင်ဖြူရှင်လက်ထက်က တည်ဆောက်ခဲ့တဲ့ ရှိရင်းစွဲ တံခါးပေါက်တွေမှာ နှစ်ပေါက် တိုးသွားပါတယ်။ ဆင်ဖြူရှင်ဟာ စည်တိုပုံမြို့ရိုးကနေ အပြင်မြို့ကြီးကို တိုးချဲ့စဉ်က သူတိုက်ခိုက်အောင် မြင်ခဲ့တဲ့ သူ့လက်အောက်ခံ နယ်ပယ်များရဲ့ အမည်ကို သမုတ်သလို အဲ့ဒီနယ်က လူတွေကိုလည်း အဲ့ဒီတံခါးအနီး နေရာချထားပြီး နေထိုင်စေခဲ့ပါတယ်။ အခုလည်း ဘကြီးတော်စစ်ကိုင်းမင်းဟာ ဘိုးတော်ဗဒုံမင်းလက်ထက် အောင်မြင်ခဲ့တဲ့ ညေဝတီနဲ့ အာသံအမည်များကို တိုးချဲ့သတ်မှတ်ချင်လို့ အထက်ပါတံခါးနှစ်ပေါက်ကို တိုးချဲ့လေသလားလို့ အတွေးပွားစေပါတယ်။ နောက်တစ်ခုက ဘကြီးတော်စစ်ကိုင်းမင်းဟာ သူ့အဘိုး ဘိုးတော်ဗဒုံမင်းလို အင်းဝကျုံးကို ပြုပြင်ခဲ့သလားဆိုတာ စိတ်ဝင်စားစရာပါ။ ရှေ့ဆောင်းပါးမှာ တင်ပြခဲ့သလိုပဲ ဘိုးတော်ဗဒုံမင်းဟာ အင်းဝမြို့တော်မှာ နန်းတက်ပြီးမကြာမီ အင်းဝမြို့ကို စွန့်ပြီး အမရပူရမြို့တော်သစ်ကို တည်ထောင်တော့ ကျုံးတော်ကို အနက် ၁၀ တောင်ထားအုတ်စီတဲ့အပြင် မြို့ဝင်ပေါက်တံခါးတွေရှိရာ ပြအိုးတွေရဲ့ ရှေ့တည့်တည့်မှာ မန္တလေးလို မီးတားတွေ ထည့်သွင်းတည်ဆောက်တဲ့အပြင် ကျုံးကူးတံတားဘေး ကျုံးရဲ့အတွင်းနှုတ်ခမ်းမှာ သူ့ရဲခိုတွေကို ထူးခြားစွာ တည်ဆောက်ခဲ့ပါတယ်။ အဲ့ဒီအကြောင်းကို ဆရာတော် ဦးတိက္ခဓမ္မလင်္ကာရနဲ့ ဒေါက်တာသန်းထွန်းတို့ ပြုစုခဲ့တဲ့ ရက်စွဲသမိုင်းမှာ "မြန်မာသက္ကရာဇ် ၁၁၅၂ ခု၊ နတ်တော်လဆန်း ၁၂၊ ကြာသပတေးနေ့၊ ခရစ်နှစ် ၁၈-၁၁-၁၇၉၀ နေ့မှာ ကျုံးအနက် ၁၀ တောင်ကို အတွင်း၊ အပြင်အုတ်စီ၍ အတွင်းကျုံးနဖူးကို သူ့ရဲခိုနဲ့ချည်ထား"လို့ ထူးထူးခြားခြား ဖော်ပြထားပါတယ်။ အင်္ဂလိပ်သံအဖွဲ့မှတ်တမ်းရဲ့ ဖော်ပြထားတဲ့ပုံထဲမှာလည်း တွေ့နိုင်ပါတယ်။ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်မှာလည်း အင်းဝမြို့တော်ကို နိုင်ငံခြားသံတမန်တွေ ရောက်လာခဲ့ကြပေမယ့် မြို့ရိုး၊ ပြအိုး၊ ကျုံးကူးတံတားနဲ့ပတ်သက်တဲ့ မှတ်တမ်းတွေ သိပ်မတွေ့ရပါဘူး။ ဒါကြောင့် စတုတ္ထအင်းဝဟာ အမရပူရမြို့နဲ့ တူမယ်လို့ ကံသေ ကံမ မပြောနိုင်တာပါ။

အင်းဝမြို့ရဲ့နောက်ထပ်ထူးခြားတာတစ်ခုက အမရပူရမြို့နဲ့ ရတနာပုံမြို့တွေလို ဝင်ပေါက်တံခါးရှိရာ ပြအိုးနဲ့ ကျုံးကူးတံတားမှာ အချို့ကို အံလွှဲမထားဘဲ တစ်ဖြောင့်တည်း တည်ဆောက်ထားပြီး အချို့ကိုတော့ အံလွှဲထားတာကို ယနေ့တိုင်တွေ့ရပါတယ်။ ဥပမာ တောင်ဘက်မျက်နှာက ကျော်ဘုံတံခါးပြအိုးနဲ့ အနောက်ဘက် မျက်နှာက စံရာတံခါးပြအိုးတို့ဟာ ကျုံးကူးတံတားနဲ့ အံလွှဲထားပေမယ့် ကျန်တဲ့တံခါးနဲ့ ပြအိုးတွေကတော့ ရှေ့တည့်တည့်မှာပဲ တည်ဆောက်ထားတာကို တွေ့ရပါတယ်။ ရှေ့ဆောင်းပါးမှာ ပြောခဲ့သလိုပဲ မြို့ရိုးနဲ့ကျုံး အကွာအဝေးဟာလည်း အခြားမြို့တွေနဲ့နှိုင်းရင် ကျဉ်းလွန်းနေတာကို တွေ့ရပြန်ပါတယ်။ ခန့်မှန်းရတာကတော့ သတိုးမင်းဖျား အင်းဝမြို့ကို ပထမအကြိမ် စတင်တည်ဆောက်စဉ်ကတည်းက ရှိခဲ့တဲ့အတိုင်း နောက်မင်းတွေ ဆက်လက်သုံးနေကြတဲ့ သဘောပါပဲ။ နောက်တစ်ခုက ကျုံးကူးတံတားနဲ့ မြို့ရိုးအကွာအဝေးကတော့ တံခါးပေါက်ရှိရာ ပြအိုးတိုင်း အတူတူမဟုတ်ဘဲ နည်းနည်းစီ ကွာခြားပါတယ်။ ဥပမာပြောရရင် အရှေ့မျက်နှာနဲ့ မြောက်မျက်နှာမှာ ပေ ၁၀၀ ကျော် ဝေးနေသော်လည်း တောင်ဘက်နဲ့ အနောက်ဘက် မျက်နှာမှာတော့ ၂၅ပေခန့်ပဲ ကွာဝေးပါတယ်။ အဲ့ဒီအချက်ဟာ ရည်ရွယ်ချက်ရှိရှိ တည်ဆောက်ထားတာလား(ဒါမှမဟုတ်) ကြီးကြပ်မှုအားနည်းတာလား တစ်ခုခုပါပဲ။ ထိုနည်းတူ ကျုံးကူးတံတားကလည်း အလျားတိုလွန်းနေတာကို တွေ့ရပြန်ပါတယ်။ များသောအားဖြင့် အင်းဝစည်တိုပုံမြို့ရိုးရဲ့ ကျုံးကူးတံတားတွေဟာ ၁၃-၁၈ ပေခန့်ပဲ ရှည်လျားတာကို တွေ့ရပါတယ်။ စဉ်းစားမိတာက ကျုံးကူးတံတားတိုတော့ ရန်သူတွေ သိပ်မခက်ဘဲ ကူးနိုင်တာပေါ့။ အဲ့ဒီအချက်တွေက အင်းဝမြို့ဟောင်းနဲ့ပတ်သက်ပြီး ဆက်လက်သုတေသနပြုဖို့ စေ့ဆော်နေပြီး စိတ်ဝင်စားစရာလည်း ကောင်းနေတာပေါ့။

နောက်တစ်ချက်က အင်းဝမြို့ဟောင်းမှာ ယနေ့တိုင် မြင်တွေ့နေရတဲ့ ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးနဲ့ အခြားအဆောက်အအုံများ အားလုံးနီးပါးဟာ စတုတ္ထအကြိမ် အင်းဝကို မြို့တော်အဖြစ် ပြန်လည်နန်းစိုက်ခဲ့တဲ့ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်မှာ တည်ဆောက်ခဲ့ကြတာ၊ ပြုပြင်ခဲ့ကြတာ အများစု ဖြစ်ပါတယ်။ မူလဒါယကာ ရှိစေကာမူ နှစ်ကာလရှည်ကြာပြီး ပျက်စီးနေလို့၊ အမြင်မတင့်တယ်လို့၊ သဒ္ဓါပေါက်လို့ စသဖြင့် ပြုပြင်ခဲ့တာ အများပါပဲ။ ဥပမာပြောရရင် မယ်နုအုတ်ကျောင်းကြီး၊ လေးထပ်ကျောင်းကြီး၊ ဗားကရာကျောင်းကြီး၊ တောင်ရေကန်၊ မြောက်ရေကန်၊ နန်းမြင့်မျှော်စင် စသဖြင့် အတော်များများပါပဲ။ အဲ့ဒီအထဲက နန်းမြင့်မျှော်စင်အကြောင်း နည်းနည်းတင်ပြပါရစေ။ ရှေးမြန်မာတို့ဟာ အုတ်အင်္ဂတေ နိုင်နင်းတယ်၊ သစ်အဆောက်အအုံ နိုင်နင်းတယ် ဆိုသော်ငြားလည်း နှစ်ထပ်၊ သုံးထပ်အပါအဝင် ထပ်မြင့်အဆောက်အအုံရယ်လို့ သီးသီးသန့်သန့် ဆောက်ခဲကြပါတယ်။ ဆိုလိုတာက ဘုံအဆင့်များစွာပါဝင်တဲ့ ပြာသာဒ်လို အဆောက်အအုံသည်ပင်လျှင် နှစ်ထပ်အဆောက်အအုံလို့ ပြောရခက်ပါတယ်။ မဆောက်တတ်ဘူး၊ မဆောက်နိုင်ဘူးလို့ ဆိုလိုတာ မဟုတ်ဘူးနော်၊ သိပ်ပြီး ဆောက်လေ့မရှိဘူးလို့ ပြောချင်တာပါ။ နောက်ပြီး မြန်မာ့ရှေးဟောင်းနန်းတော်များရဲ့ မှတ်တမ်းများမှာ လေ့လာကြည့်တော့လည်း နန်းမြင့်မျှော်စင်ရယ်လို့ သိပ်မတွေ့ရပါဘူး။ အထူးသဖြင့် အင်းဝမြို့တော်မှာတော့ ဘကြီးတော် စစ်ကိုင်းမင်းလက်ထက်ရောက်မှ အဲ့ဒီအဆောက်အအုံကို တော်ဝင်အနေနဲ့ နန်းတော်နဲ့တွဲဆက်ပြီး တည်ဆောက်ခဲ့တာကို စတင်တွေ့လာခဲ့ရတာပါ။ နန်းမြင့်မျှော်စင်နဲ့ အမြင့်ချင်း မကွေမကွာမြင့်တဲ့ ပဟိုရ်စင်နဲ့ စွယ်တော်စင်တို့ ရှိကြသော်လည်း နန်းမြင့်မျှော်စင်နဲ့ လေ့ကားတည်ဆောက်ပုံကွာခြားပါတယ်။ ပဟိုရ်စင်နဲ့ စွယ်တော်စင်က တစ်ဖြောင့်တည်းလှေကားဖြစ်သော်လည်း နန်းမြင့်မျှော်စင်ကတော့ ခရုပတ်လှေကားနဲ့မို့ မြန်မာ့ဗိသုကာပညာကို ဆန်းသစ်ထားတဲ့ဟန် ဖြစ်နေပါတယ်။ အင်းဝနန်းမြင့် မျှော်စင်ဟာ နန်းတော်အုတ်ခုံရဲ့ အရှေ့တောင်ဘက်မှာ တည်ရှိနေခဲ့ပြီး အလျား၊ အနံ ၃၂ ပေပတ်လည် အုတ်ရိုးအပြည့်စီထားတဲ့ ပထမအဆင့်ကိုယ်ထည်ဟာ ပေ ၄၀ ခန့်အထိ မြင့်ပါတယ်။ အဲ့ဒီအထက်ကို အလယ်မဏ္ဍိုင်ခံပြီး ၁၈ ပေလောက်မြင့်တဲ့အပြင် နံရံတွေနဲ့ အပေါ်ပြာသာဒ်ရဲ့ အောက်ခြေ၊ ကြမ်းပြင်အထိ ဆက်တက်ပါတယ်။ နံရံပတ်လည်မှာ တံခါး နှစ်ပေါက်စီ ပါဝင်ပြီး အပြင်ကနေ အမရပူရခေတ် လက်ရာမုခ်ခုံး အင်္ဂတေပန်းတော့များနဲ့ တန်ဆာဆင်ထားပါတယ်။ အဲ့ဒီတံခါးပေါက်များရဲ့ အပြင်ဘက်မှာ သစ်သားချောင်းတွေကို မျှော်စင်ကိုယ်ထည်နဲ့ တွဲဆက်၍ ဆင့်တန်းခံပြီး သစ်သားကြမ်းခင်းထားတဲ့ ငါးပေကျယ်တဲ့ စင်္ကြံပတ်လည် ပါရှိပါတယ်။ အပေါ်က ပြာသာဒ်ကြမ်းပြင်ကိုတော့ တစ်ချောင်းနဲ့တစ်ချောင်း ကိုးလက်မလောက်ခွာပြီး ၈လက်မ × ၈လက်မ ပတ်လည် ကျွန်းသစ်တွေကို အလယ်မဏ္ဍိုင်နဲ့ ဘေးနံရံနဲ့ငုံပြီး ဆင့်တန်းခံပါတယ်။ အဲ့ဒီအပေါ်က ၁၈ လက်မ × ၉ ပေ × ၁ ဒသမ ၅ လက်မ အုတ်ချပ်ကြီးတွေကို သုံးထပ်ခန့် စီခင်းထားပြီး အပေါ်ယံက အချောကိုင်လိုက်ခြင်းအားဖြင့် တောင့်တင်းခိုင်မာတဲ့ ကြမ်းပြင်ကို ဖန်တီးထားပါတယ်။ အဲ့ဒီကြမ်းပြင်ရဲ့အနောက်တောင်ဘက်မှာ သုံးပေခန့်ကျယ်တဲ့ လှူဝင်ပေါက်ထားပြီး အောက်တစ်ဆင့်ကနေတက်ဖို့ သစ်သားလှေကား တပ်ဆင်ထားပါတယ်။ ပြီးတော့မှ အလယ်မဏ္ဍိုင်ကိုအခြေပြုပြီး ကြမ်းပြင်ပေါ်မှာ စုထိုးပြာသာဒ်လေးကို တည်ဆောက်ထားပါတယ်။ အပေါ်ထပ်ကြမ်းပြင်ပတ်လည်ကိုတော့ အမရပူရခေတ်လက်ရာ စိန်တောင်များနဲ့ ပတ်ရံလို့ ကာထားပါတယ်။ အဓိကပြောချင်တာက မြေပြင်ကနေ ပထမအဆင့် ပေ ၄၀ ခန့်အထိ ခရုပတ်လှေကား စီမံဖန်တီးထားပုံကိုပါ။ နန်းမြင့်မျှော်စင်ရဲ့မြေပြင်က မျှော်စင်အုတ်ရိုးကိုယ်ထည်ရဲ့ လေးမျက်နှာလုံးကို ငါးပေပတ်လည် အုတ်တိုင်ကြီး ၁၆တိုင်နဲ့ ငါးပေစီခြားပြီး တည်ဆောက်ထားပါတယ်။ အဲ့ဒီအုတ်တိုင်ကြီးတွေဟာ တစ်ဖက်နဲ့တစ်ဖက်၊ တစ်တိုင်နဲ့တစ်တိုင် အမြင့်ချင်း မတူပါဘူး လှေ့လာတွေ့ရှိရသလောက်ဆိုရင် အုတ်တိုင်ကြီးတွေကို အချင်းချင်းရော မျှော်စင်ကိုယ်ထည်နဲ့ပါ သစ်သားတန်းတွေနဲ့ တွဲဆက်ပြီး ထိန်းထားသလို လှေကားကိုလည်း သစ်သားနဲ့ပဲ တည်ဆောက်ထားခဲ့ပါတယ်။ မျှော်စင်ဟာ နန်းတော်အုတ်ခုံရဲ့ အရှေ့တောင်ဘက်မှာ တည်ရှိတာမို့ လှေကားထစ်များကို မြောက်ဘက်ကနေစပြီး လက်ယာရစ် တည်ဆောက်ခဲ့မယ်လို့ ခန့်မှန်းရပါတယ်။ အင်းဝနန်းမြင့်မျှော်စင်ဟာ ဘကြီးတော်စစ်ကိုင်းမင်းနန်းကျပြီး သာယာဝတီမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၂၀၀ပြည့်နှစ်မှာ လှုပ်ခဲ့တဲ့ "စကြာရေချ" ငလျင်ကြီးကြောင့် ဘေးပတ်လည်က ခရုပတ် အုတ်လှေကားတိုင်ကြီးတွေ ပြိုလဲသလို ကိုယ်ထည်ကြီးကလည်း အနောက်မြောက်ဘက်ကို တိမ်းစောင်းသွားပါတယ်။ ရတနာပုံခေတ် မင်းတုန်းမင်းထံ ရောက်လာတဲ့ အင်္ဂလိပ်သံအဖွဲ့ရဲ့ မှတ်တမ်းထဲမှာ အင်းဝမြို့ဟောင်းက နန်းမြင့်မျှော်စင်ကို ကျိုးပြတ်ပြိုလဲနေတဲ့ အုတ်တိုင်ကြီးတွေ၊ ကျိုးတိုးကျဲတဲထွက်ပြီး ကျန်နေတဲ့ အပေါ်ဆင့်က ဝရန်တာစကြံသစ်သားဆင့်တန်းတွေ၊ ကွန်းစင်တိုင်လေးလုံးနဲ့ ထုပ်တန်း ပတ်လည်သာ ကျန်နေတဲ့ အပေါ်ဆုံးက စုထိုးပြာသာဒ်၊ ခရုပတ်အုတ်တိုင်နဲ့ မျှော်စင်ကိုယ်ထည်ဆက်တဲ့ သစ်သားထူးပေါက်တွေကို တွေ့ရပါသေးတယ်။ အဲ့ဒီအခြေအနေကနေ ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် ပြိုလဲနေတဲ့ ခရုပတ်အုတ်တိုင်ကြီးတွေကနေ ပထမအဆင့်ရောက်အောင် သစ်သားလှေကားကို ကိုယ်ထည်ပတ်ပြီး တပ်ဆင်ပါတယ်။ ခါးလယ်က ဝရန်တာစကြံကိုလည်း ပြန်လည်တည်ဆောက်ပြီး အပေါ်ဆုံးကြမ်းပြင်မှာ စုထိုးပြာသာဒ်လေးကို ရှေးမူလက်ရာမပျက် ပြန်လည်တည်ဆောက်ခဲ့ပါတယ်။ တည်ဆောက်ခဲ့တဲ့ လှေကားက ရှေးမူအတိုင်း မဟုတ်သော်လည်း အပေါ်တက်လို့ရအောင် ကြောင်လိမ်လှေကားသဖွယ် ယာယီတည်ဆောက်တဲ့သဘောပါ။ ဘာပဲပြောပြော ပြည်တွင်း၊ ပြည်ပဧည့်သည်များ အင်းဝကို လာရောက်လည်ကြတဲ့အခါ ဆွဲဆောင်စရာနေရာတစ်ခုတော့ ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့ ၂၀၂၅ ခုနှစ် မတ် ၂၈ရက်က လှုပ်ခဲ့တဲ့ အင်အားပြင်းငလျင်ကြီးကြောင့် အင်းဝနန်းမြင့်မျှော်စင်ဟာ ပြင်းပြင်းထန်ထန်ခံရပြီး ဆိုးဆိုးရွားရွား ပျက်စီးသွားခဲ့ပြန်ပါပြီ။ မြန်မာသက္ကရာဇ် ၁၂၀၀ ပြည့်နှစ်က လှုပ်ခဲ့တဲ့ ငလျင်ကြီးဟာ ဘုရားစေတီ နန်းတော်ရော အခြားအဆောက်အအုံများပါ အားလုံးပြိုလဲ၊ မြေကြီးအစိတ်စိတ်ကွဲအက်ပြီး ရေထွက်၊ ဧရာဝတီမြစ်ကြီးတောင် အထက်သို့ဆန်ကာ ပြောင်းပြန်စီးတယ်ဆိုပြီး ရာဇဝင်အစောင်စောင်မှာ ဖော်ပြထားလို့ ကိုယ်တိုင်မကြုံဖူးသော်လည်း အတော်ပြင်းထန်တယ်လို့ မှတ်သားထားခဲ့တာ။ အဲ့ဒီလောက်ပြင်းထန်တဲ့ ငလျင်ဒဏ်ကြောင့် အင်းဝမျှော်စင်ဟာ အနောက်မြောက်ဘက်ကို တိမ်းစောင်းရုံလောက်ပဲ ကြံ့ကြံ့ခံနိုင်ခဲ့သော်လည်း အခုငလျင်မှာတော့ မြေပြင်အထက် ၁၀ ပေခန့်နေရာကနေ ၃၂ ပေ ပတ်လည်ရှိတဲ့ အုတ်ကိုယ်ထည်ကြီးတောင် ပြတ်ထွက်ပြီးတော့ ဗုန်းဗုန်းလဲမကျရုံတစ်မည်ပဲ ကျန်တော့တယ်။ ရက်စက်လိုက်တာ သဘာဝကြီးရယ်။ အင်းဝမြို့သက်တမ်း (၆၆၀)ပြည့်ပြီးချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် လှုပ်လိုက်တာနော်၊ တကယ့်အမှတ်တရပါပဲ။

**ကိုးကား- ဦးမောင်မောင်တင်**
**(ကုန်းဘောင်ခေတ်ရာဇဝင်တော်ကြီး - တတိယတွဲ)**

(ဆက်လက်ဖော်ပြပါမည်။)

ရက္ခိတ(ရှေး/သု)



၁၂၀၀ ပြည့်နှစ် ငလျင်လှုပ်ပြီးပုံ။



ပြန်လည်ထိန်းသိမ်းပြီးပုံ။



၂၀၂၅ ခုနှစ် မတ် ၂၈ရက် ငလျင်လှုပ်ပြီးပုံ။



# ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်း (အခမဲ့) ဆောင်ရွက်

**မန္တလေး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ဝမ်းပျက်၊ ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ဆေးတိုက်ကျွေးခြင်းလုပ်ငန်းကို ယမန်နေ့နံနက်ပိုင်းက မြင်းဝန်းမင်းကြီးကျောင်းတိုက်အတွင်း၌ (အခမဲ့) တိုက်ကျွေးခဲ့သည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူးနှင့်အဖွဲ့ဝင်များက ဝမ်းပျက်၊ ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ဆေးမသောက်မီ မိမိတွင် ဆေးနှင့် မတည့်သော ရောဂါအခံတစ်စုံတစ်ရာရှိလျှင် မသောက်သင့်ကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုရှိရမည်ဖြစ်ကြောင်း၊ အများပြည်သူနေရပ်ကွက်များတွင်လည်း ကိုယ်ပိုင် အိမ်သာမရှိသူများကို ဦးစားပေး ကာကွယ်ဆေးတိုက်ကျွေးသွားမည်ဖြစ်ကြောင်းနှင့် ဝမ်းပျက်၊ ဝမ်းလျှောဖြစ်လျှင် ဘေးထွက်ဆိုးကျိုးအကြောင်း စသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး အဆိုပါ ပြည်သူ့ကျန်းမာရေးဦးစီးမှူးနှင့် အဖွဲ့ဝင်များက မဟာအောင်မြေမြို့နယ် (၁၈)ရပ်ကွက်ရှိ အများပြည်သူများအား စုရပ်ဖွဲ့၍ အသက်(၂)နှစ်အထက်ကလေး၊ လူကြီးများအား ဒုတိယအကြိမ်အဖြစ် ကာကွယ်ဆေးများ တိုက်ကျွေးခဲ့သည်။

ယင်းကာကွယ်ဆေးတိုက်ကျွေးမှုကို ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ် သုံးကြိမ်တိုင် (အခမဲ့) တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၅၆)




# လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ဝမ်းပျက်ဝမ်းလျှော ရောဂါအကြောင်း အသိပညာပေး Talk Show ကျင်းပ

**နတ်မောက် မေ ၁၈**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ပြည်သူများ အသိပညာ ဗဟုသုတရစေရန် ယမန်နေ့ မွန်းလွဲ ၂နာရီက ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်း အသိပညာပေး Talk Show ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဆွေးနွေးရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ဥမ္မာခင်(ဦးစီးအရာရှိ)နှင့် ဒေါ်သင်းသင်းဝေ(ဒုတိယဦးစီးမှူး) တို့က ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားအောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် မသန့်ရှင်းသည့် အစားအစာများ၊ သောက်ရေသုံးရေများ၊ အမှည့်လွန်သစ်သီးများ၊ ယင်နားစာများ၊ လက်လုပ်ချဉ်များ၊ လမ်းဘေးအစားအစာများ စသည်တို့ကို အထူးသတိပြုရှောင်ရှားရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် ကိုယ်ခံအားနည်းသော ရင်ခွင်ပိုက်ကလေးငယ်များ၊ ကျောင်းနေအရွယ်ကလေးများနှင့် သက်ကြီးရွယ်အိုများအတွက် အသက်အန္တရာယ် စိုးရိမ်ရသောကြောင့် နို့ထွက်ပစ္စည်းများကို ရှောင်ရှားသင့်ပါကြောင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားပါက ရေဓာတ်ဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းပေးသည့်အနေဖြင့် ရေကျက်အေး၊ သန့်စင်သည့်ရေနှင့် ဖျော်စပ်ထားသည့် ဓာတ်ဆားရည်ကို သောက်သုံးသင့်ပါကြောင်း၊ ယင်ကောင်များပေါများပေါက်ပွားနိုင်သဖြင့် ယင်ကောင်ပေါက်ပွားမှု နည်းပါးစေရေးအတွက် စားကြွင်းစားကျန်များ အပါအဝင် အမှိုက်များကို စနစ်တကျစွန့်ပစ်သင့်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) အနေဖြင့် ပြည်သူများ အသိပညာဗဟုသုတရရှိစေရန်အတွက် လစဉ် အသိပညာပေး Talk Showများ ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

**မှူးမှူးစန်း**

# အခြေခံအင်္ဂလိပ်စာ Grammer သင်တန်းအခမဲ့ ဆက်လက်သင်ကြားလျက်ရှိ

**မိုးကောင်း မေ ၁၈**

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊ မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ အလယ်တန်းအဆင့် အခြေခံအင်္ဂလိပ်စာ Grammer သင်တန်းကို ဧပြီ ၂၃ရက်မှ မေ ၂၃ရက်အထိ အခမဲ့ဆက်လက်ပို့ချသင်ကြားလျက်ရှိသည်။

ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်စာဉာဏစွမ်းရည် ပိုမိုတတ်မြောက်စေရန်ရည်ရွယ်၍ နွေရာသီတစ်လတာကာလ သင်ကြားပေးခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို နေ့လယ် ၁၁နာရီမှ ၁၂နာရီအထိ သင်ကြားလျက်ရှိပြီး အလယ်တန်းအဆင့် ကျောင်းသား ၁၀ဦး၊ ကျောင်းသူ ၂၅ဦး စုစုပေါင်း ၃၅ ဦး တက်ရောက်သင်ယူလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**မိုင်းကိုင် မေ ၁၈**

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့၌ နွေရာသီကာလအတွင်း လူငယ်လူရွယ်များ အသိပညာဗဟုသုတတိုးပွားစေရန်ရည်ရွယ်၍ မေ ၁၄ ရက် နံနက် ၈ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (Community Centre) ခန်းမ၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ နယ်မြေခံတပ်မှ ဗိုလ်ကြီးအောင်ကျော်စိုးက ဆိုရှယ်မီဒီယာအကြောင်း သိကောင်းစရာ၊ ကျန်းမာရေးဌာနမှ ဦးစီးအရာရှိ ဒေါ်နန်းခမ်းလိုင်က ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှုဘဝပုံစံ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းလှိုင်လှိုင်ဦးက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ရာ တက်ရောက်လာကြသည့် လူငယ်လူရွယ်များ၊ လူမှုရေးအသင်းအဖွဲ့များက မိမိတို့သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စီစဉ်တင်ဆက်သော နံရံကပ်စာစောင်၊ ဓာတ်ပုံ၊ စာအုပ်ပြပွဲပြခန်းနှင့် မြေစိုက်နံရံကပ်စာစောင်တို့ကို ဖွင့်လှစ်ပြသခဲ့ရာ တက်ရောက်လာသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အောက်ပုံ)

**မြို့နယ်(ပြန်/ဆက်)**



# အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မင်းဘူး မေ ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားမည့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပမိရပ်ကောင်းမွန်ရေးတို့အတွက် မြို့နယ်အတွင်းမှ အခြေခံပညာကျောင်းများတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို မေ ၁၇ ရက် နံနက်ပိုင်းက အ·ထ·က (၂)အခြေခံပညာ အထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မန်းရေနံဝန်ထမ်းများနှင့် ဆရာ၊ ဆရာမများက ကျောင်းဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများတူးဖော်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ ရေကန်နှင့် ရေတိုင်ကီများအား အဘိတ်ဆေးများခတ်ပေးခြင်းတို့ကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအေးလွင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်နိုင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ကာ အခြေခံပညာကျောင်းများအား အပတ်စဉ် ဌာနပေါင်းစုံ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

(အောက်ပုံ) (၅ဝ၄)



# စိုက်ပျိုးရေးကဏ္ဍ

## ဆင်းသုခနွေစပါး စံကွက်ရိတ်သိမ်းပွဲ တာဝန်ရှိသူများ ကြည့်ရှုအားပေး

**ကလေး မေ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ နတ်ကြီးကုန်း (ပျဉ်း)အုပ်စု၊ နန်းဇလူကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မာန်အေး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးအောင်ဖြိုးသော်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက တောင်သူ ဦးလှဝင်း၏ နွေလယ်ဆင်းသုခစပါးစိုက်ခင်းကို စံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း အစိတင်း ၁၃၀ထွက်ရှိကြောင်း သိရသည်။



နွေစပါးစံကွက်ရိတ်သိမ်းခြင်းကို တောင်သူ ဦးလှဝင်း၏ ဆင်းသုခနွေစပါးစိုက်ခင်း၊ ကွင်းအမှတ်(၈၃၂/က)၊ ဦးပိုင်အမှတ် (၇၂)၊ ဧရိယာ ၉ ဒသမ ဝဝဧက တွင် ရိတ်သိမ်းရာ စပါးတင်း အစိတင်း ၁၃၀ ထွက်ခဲ့ပြီး အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ကလေးခရိုင်၊ မြို့နယ်စိုက်ပျိုး ညှိနှိုင်းအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သီးနှံများအားလုံး စိုက်ပျိုးထုတ်လုပ်မှုပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဒေသခံတောင်သူများ ဖိတ်ခေါ်၍ နည်းပညာပေးသင်တန်းများ၊ ဆွေးနွေးပွဲများကျင်းပခြင်း၊ ကွင်းဆင်းစစ်ဆေး၍ လိုအပ်ချက်များ ကူညီပေးခြင်း၊ စိုက်ပျိုးမည့်မျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးရေးလုပ်ငန်းသုံးသွင်းအားစုပေးအပ်ခြင်းများကို စိုက်ပျိုးမွေးမြူရေး ညှိနှိုင်းမှုအဖွဲ့ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဓဲပုံ) မြို့နယ်(ပြန်/ဆက်)**



## နွေစပါး(မနောသုခ)စံပြကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြ

**အမရပူရ မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ လိပ်ဆံခွန်(အနောက်)ကွင်းအမှတ် ၆၄၈(ခ)၊ ဦးပိုင်အမှတ် (၁၃၄/၁) ရှိတောင်သူ ဦးသန်းထွန်း၏ ၂ ဒသမ ၄၀ ဧကရှိ မနောသုခ(မှုရင်း)စပါး နွေစပါးစံပြကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို မေ ၁၆ရက် နံနက် ၈ နာရီက အဆိုပါလယ်ကွင်း၌ စိုက်ပျိုးရေးဦးစီးဌာနနှင့် မြေစာရင်းဦးစီးဌာနတို့ ပူးပေါင်း၍ ဆောင်ရွက်ကြသည်။

အဆိုပါနွေစပါး မနောသုခ (မှုရင်း)စပါးစံပြကွက်ရိတ်သိမ်းခြင်းသရုပ်ပြပွဲသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွန့်ဦး၊ မဟာအောင်မြေခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးရဲမင်းသောင်း၊ အမရပူရမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးမျိုးလှိုင်နှင့် စိုက်ပျိုးရေးကြီးကြပ်အဖွဲ့ဝန်ထမ်းများ၊ စိုက်ပျိုးရေးမြေစာရင်းဌာနမှ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသောတောင်သူများ တက်ရောက်ကြသည်။ ထိုစံပြကွက်ရိတ်သိမ်းရာတွင် တစ်ဧက အစိထွက် ၁၅၁ တင်း ထွက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**(အပေါ်ပုံ) စိုးသီဟ(အမရ)**

## ငါ့သရောက်မြစ်ရေတင်ဖြင့် မိုးစပါး ဧက ၈၀ စိုက်ပျိုးပြီးဖြစ်

**ညောင်ဦး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ငါ့သရောက်ဆိုလာမြစ်ရေတင်ဖြင့် မိုးစပါး ဧက ၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများထံမှ သိရသည်။

ညောင်ဦးမြို့နယ် ဆိုလာစနစ်မြစ်ရေတင်ဖြင့် မိုးစပါးစိုက်ပျိုးရန် မတ်လတွင် စတင်ပျိုးထောင်ခဲ့ကြောင်း ဧပြီလဆန်းပိုင်းက စတင်၍ ပျိုးပင်များ လယ်ကွင်းအတွင်း ရွှေ့ပြောင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ ဆိုလာမြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးသည့် စပါးမျိုးမှာ ဆင်းသုခ၊ မနောသုခ၊(GW-11)၊အောင်နိုင်တိုး စပါးမျိုးများကို တောင်သူများစိုက်ပျိုးကြပြီး ပျိုးထောင်ရက် ၂၁ ရက်အကြာတွင် စိုက်ပျိုးမည့် လယ်မြေအတွင်း ရွှေ့ပြောင်းစိုက်ရကြောင်း၊ စပါးတစ်သီးရင့်မှည့်ချိန်ထိ ငါးလကြာမြင့်ကြောင်း၊ မိုးစပါး စိုက်တောင်သူများက ရှင်းပြ၍ သိရသည်။

မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် မိုးစပါးစိုက်တောင်သူများ စပါးသီးနှံရိတ်သိမ်းပြီးချိန်အထိ တစ်ဧကစိုက်ပျိုးရေသွင်းစရိတ်ငွေကျပ် ၆၀၀၀ ပေးသွင်းရပြီး နွေစပါးစိုက်ပျိုးချိန်တွင် စပါးတစ်သီးစာ ငွေကျပ် ၉၀၀၀ ပေးရကြောင်း၊ အခြားသီးနှံအတွက် ငွေကျပ် ၃၀၀၀ ပေးသွင်းရကြောင်း သိရသည်။ မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် စပါးများ အထွက်နှုန်း ပုံမှန်ကောင်းမွန်ပြီး ရေပေးသွင်းခလည်း တန်လွန်းကြောင်း၊ မိုးစပါးဆိုသော်လည်း ညောင်ဦးဒေသတွင် တစ်နှစ်ပတ်လုံးမှ မိုးရေချိန် လက်မ ၂၀ အောက်သာ ရွာသွန်းခြင်းကြောင့် စပါးအောင်ရေအထိ မြစ်ရေတင်ရေသွင်းရကြောင်း၊ တစ်ဧကသွင်းဈေးလည်းတန်လွန်းကြောင်း၊ မိုးစပါးစိုက် တောင်သူများက ရှင်းပြသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးတစ်ဧက ကောက်စိုက်သမ စိုက်ပျိုးခ ငွေကျပ် ၅၅၀၀၀ ဖြင့် စိုက်ဧကပြတ် စိုက်ပျိုးခြင်းနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးလာကြကြောင်း မိုးစပါးစိုက်တောင်သူများက ပြောသည်။ ငါ့သရောက်မြစ်ရေတင်ဖြင့် မိုးစပါး ဧက ၈၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

**(ယာပုံ)**

**(၄၈၁)**



## ၂၀၂၄-၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးထားသော နွေစပါးနှင့် နွေနှမ်းများ အောင်မြင်ဖြစ်ထွန်း

**တံတားဦး မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် စိုက်ပျိုးထားကြသည့် နွေစပါးနှင့် နွေနှမ်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

တံတားဦးမြို့နယ်အနေဖြင့် ၂၀၂၄-၂၀၂၅ ခုနှစ်တွင် နွေစပါးများကို နည်းလမ်းအလိုက် စိုက်ပျိုးရာတွင် အခြားသောနည်းလမ်းဖြင့် စိုက်ပျိုးရန် ၂၅ ဧကနှင့် မယင်းရေသောက်နည်းလမ်းဖြင့် စိုက်ပျိုးရန်ဧက ၉၀ စုစုပေါင်း ဧက ၁၁၅ လျာထားရာ ရာနှုန်းပြည့် ၁၁၅ဧက စိုက်ပျိုးနိုင်ကြောင်း၊ ထို့အပြင် စပါးမျိုးကွဲအလိုက် စိုက်ပျိုးရန် မနောသုခနွေစပါး ၁၁၅ ဧက လျာထားသော်လည်း ၁၁၁ ဧက စိုက်ပျိုးနိုင်ကြောင်း၊ အောင်နိုင်တိုးစပါးမျိုးအနေဖြင့် ၄ ဧက စုစုပေါင်း ၁၁၅ ဧကစိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ထို့နည်းအတူ ၂၀၂၄-၂၀၂၅ ခုနှစ် နွေနှမ်းများစိုက်ပျိုးရန်အတွက် ရေသောက်နည်းလမ်းများလိုက် ပြုကြန် ကန်ရေသောက်စနစ်ဖြင့် ဧက ၁၀၀၊ ချောင်းမနက်ကန်ရေသောက်စနစ်ဖြင့် ဧက ၃၀၀ စုစုပေါင်းဧက ၄၀၀ စိုက်ပျိုးရန် လျာထားရာ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ကြောင်း၊ နှမ်းမျိုးကွဲများအနေဖြင့် စိုက်ပျိုးရန် ဆင်းရတနာ-၄ နှမ်းမျိုးအတွက် ဧက ၃၀၀နှင့် ကံရှိနှမ်းမျိုးအတွက် ဧက ၁၀၀ စုစုပေါင်း ဧက ၄၀၀ စိုက်ပျိုးထားကြရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

တောင်သူများအတွက် သီးနှံများ အောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာများအရောက် ကွင်းဆင်းပြီး တောင်သူစိုက်ပျိုးနည်းသင်တန်းပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ရေသွင်းရေထုတ်စနစ် မှန်ကန်ရေး၊ ပေါင်းမြက်ကင်းရှင်းရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ရိတ်သိမ်းခြွေလှေ့ရာတွင် အလေအလွင့်မရှိစေရေးနှင့် တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**(၄၀၉)**

## ရေရရှိရေးနည်းလမ်းဖြင့် နွေစပါး ၄၉၃၂ ဧက စိုက်ပျိုး

**ကျောက်ဆည် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဆည်ရေသောက်စနစ်ဖြင့် နွေသီးနှံများ စိုက်ပျိုးရာ၌ ရေရရှိရေးနည်းလမ်းဖြင့် နွေစပါး ၄၉၃၂ ဧက စိုက်ပျိုးထားပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေရရှိရေး နည်းလမ်းဖြင့် နွေစပါးများစိုက်ပျိုးရာ၌ ဇော်ဂျီဆည်ရေသောက်စနစ်ဖြင့် ပျိုးပင်စိုက် ဧက၂၇၄၀၊ မျိုးစေ့တိုက်ရိုက်ချ ၁၉၆၉ ဧက၊ စုစုပေါင်း ၄၇၀၉ ဧက၊ ကင်းတားဆည်ရေသောက်စနစ်ဖြင့် ပျိုးပင်စိုက် ၁၇၅ ဧက၊ မျိုးစေ့တိုက်ရိုက်ချ ၄၈ ဧက၊ စုစုပေါင်း ၂၂၃ ဧက စိုက်ပျိုးပြီး ဖြစ်သည်။

စိုက်ပျိုးထားသည့်နွေစပါးများအောင်မြင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာများ စနစ်တကျဖြန့်ဝေပေးလျက်ရှိပြီး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေမြောင်းများအလိုက် စိုက်ပျိုးရေများလုံလောက်စွာ အလှည့်ကျစနစ်ဖြင့် ပေးဝေလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)(၄၈၅)**



## ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**မိုင်းရှူး မေ ၁၈**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းရှူးမြို့နယ်တွင် မိုင်းရှူးခရိုင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၆ရက် နံနက် ၁၀ နာရီက အမှတ်(၂) ရပ်ကွက် ပတ္တမြားခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လွင်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီအတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းခမ်းနွံ့က မိုင်းရှူးခရိုင်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း၊ ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ် စီမံကိန်းလျာထားချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။



ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက မိုင်းရှူးခရိုင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များအား သက်ဆိုင်ရာမြို့နယ်များသို့ တာဝန်ပေးအပ်ခဲ့သည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလင်းထိုက်က မိုင်းရှူးမြို့နယ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များအား သက်ဆိုင်ရာဌာနများသို့ တာဝန်ပေးအပ်ခဲ့သည်။ **(ဝဲပုံ)**

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိုင်းရှူးမြို့နယ်၊ ကျေးသီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် စာရေးများ တက်ရောက်ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ အလေးထားဆောင်ရွက်လျက်ရှိ

**အောင်လံ မေ ၁၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ်စနေနေ့တိုင်း အလေးထား ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာဝန်ထမ်းများ၊ ဆရာ၊ ဆရာမများက ကျောင်းဝင်းအတွင်းရှိ ပေါင်းမြက်၊ ချုံနွယ်များ၊ သစ်ရွက်ခြောက်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး အမှိုက်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မော်တော်ယာဉ်ဖြင့် စနစ်တကျ သိမ်းဆည်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**

## VDP စီမံကိန်းလုပ်ငန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းကော်မတီဝင် ဖွဲ့စည်း

**စဉ့်ကိုင် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အုန်းလက်ကောက်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းကော်မတီဝင်များ ဖွဲ့စည်းခြင်းကို မေ ၁၆ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာမွေ့ရာရုံတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က VDP စီမံကိန်းလုပ်ငန်းအကြောင်းအရာများနှင့် စီမံကိန်းဆောင်ရွက်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်တင်မြင့်ခိုင်က စီမံကိန်းလုပ်ငန်းကော်မတီဝင် ရွေးချယ်ရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာတာဝန်ရှိသူများနှင့်အတူ အုန်းလက်ကောက်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒဖြင့် အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာကော်မတီဝင် ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**(ဝဲပုံ)**

**(၄၄၅)**

*—*—*—*—*—*

## အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျောက်ပန်းတောင်း မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းဖွင့်ရာသီအမီ ကျောင်းများသန့်ရှင်းသာယာလှပစေရေးအတွက် ဌာနဆိုင်ရာများနှင့် တပ်နယ်မိသားစုများ စုပေါင်း၍ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ မေ ၁၇ရက် နံနက် ၇နာရီခွဲက လွတ်လပ်ရေးရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့ပေါ်ရှိ ဌာန(၁၄)ခုမှ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ တပ်နယ်မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုစုပေါင်း ၂၅၈ ဦးတို့သည် ကျောင်းဝင်းအတွင်းရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အမှိုက်များအား စည်ပင်သာယာအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်ဖြင့် စွန့်ပစ်ခြင်းနှင့် ရှင်းလင်းရန် လိုအပ်သည့် သစ်ပင်၊ သစ်ကိုင်းခြောက်များအား ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(၄၅၆)**

## အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ရေနုတ်ကွင်းအား စွန့်ပစ်မြေများဖြင့် မြေဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး မေ ၁၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကူညီပံ့ပိုးမှုဖြင့် မဟာအောင်မြေမြို့နယ်၊ အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ရေနုတ်ကွင်းအား စွန့်ပစ်မြေများဖြင့် မြေဖို့ခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက်ပိုင်းက စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းရှိ ရေနုတ်ကွင်းအား ကျောင်းအုပ်ဆရာကြီး ဦးမျိုးဆန်းလင်းက အနီးကပ်ကြီးကြပ်၍ ကျောင်းအကျိုးတော်ဆောင်များ (မဟာ)လူမှုကူညီရေးအသင်းအဖွဲ့မှ စက်ယန္တရားများဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်စေရန်အတွက် ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ရေဝပ်မြေနေရာများသို့ မြေဖို့ခြင်းလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၅၆)**



## မဟာဂန္ဓာရုံဘုန်းတော်ကြီးကျောင်း၌ သူငယ်ချင်းများဆေးကုသရေးအဖွဲ့မှ ကွင်းဆင်းကုသ

**အမရပူရ မေ ၁၈**

အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ မဟာဂန္ဓာရုံဘုန်းတော်ကြီးကျောင်းရှိ ငွေကျားတိုက်စာသင်ဆောင်တွင် မေ ၁၆ရက် နံနက် ၁၀ နာရီခွဲက ဒေါက်တာခိုင်မျိုးအောင် ဦးစီးသော သူငယ်ချင်းများ ဆေးကုသရေးအဖွဲ့မှ ကျောင်းဝင်းအတွင်းရှိ သံဃာများနှင့် ပြည်သူများအား ဆေးဝါးအခမဲ့ကုသပေးခဲ့သည်။

အဆိုပါဆေးကုသမှုအဖွဲ့မှ ဆရာဝန် သုံးဦး၊ သူနာပြု သုံးဦးနှင့် အကူနှစ်ဦးတို့က ကျောင်းဝင်းအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများ၊ ပတ်ဝန်းကျင်မှ ပြည်သူများနှင့် သံဃာတော်များ စုစုပေါင်း ၇၀ ဦးခန့်ကို ဆေးဝါးများ ကုသပေးခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က လိုအပ်သည်များကူညီပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**စိုးသီဟ(အမရ)**



## မင်းဘူးမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အသိပညာပေး ဟောပြောခြင်း၊ အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ ဆောင်ရွက်



**မင်းဘူး မေ ၁၈**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့၌ ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာအေးမြဝင်း၏ ကြီးကြပ်မှုဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အသိပညာပေး ဟောပြောခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို မေ ၁၆ ရက် နံနက်ပိုင်းက မင်းဘူးမြို့၊ အမှတ်(၁)ရပ်ကွက်အတွင်း လှည့်လည်၍ ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ မင်းဘူးမြို့၊ အမှတ်(၁)ရပ်ကွက်၊ သိမ်ကုန်းဓမ္မာရုံတွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သူနာပြုဆရာမ ဒေါ်နုနုရီက ရပ်ကွက်အတွင်းမှ ဒေသခံပြည်သူများအား မိုးရာသီတွင် ဖြစ်ပွားလေ့ရှိသည့် သွေးလွန်တုပ်ကွေးရောဂါသည် ခြင်ကြောင့် ဖြစ်ပွားပြီး အသက်အန္တရာယ်ဖြစ်ပွားစေနိုင်ခြင်းတို့ကြောင့် ကြိုတင်ကာကွယ်နိုင်ရန် ရေကန်၊ ရေစည်ပိုင်း၊ ရေတိုင်ကီ၊ စဥ့်အိုးများ၊ ဘုရားပန်းအိုးများအား ခြင်ဖြစ်ပွားစေနိုင်သည့် ပိုးလောက်လမ်းများ မပေါက်ဖွားစေရန် အဖုံးအုပ်ခြင်း၊ ရေစစ်ခြင်း၊ ရေများ လဲလှယ်ပေးရခြင်း စသော အသိပညာပေးများ ဟောပြောခဲ့သည်။ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ စသော ပူးပေါင်းအဖွဲ့က ရပ်ကွက်အတွင်း တစ်အိမ်တက် တစ်အိမ်ဆင်း လှည့်လည်၍ ပိုးလောက်လမ်းနှင့် ခြင်ခိုအောင်းနိုင်သော ရေတွင်း၊ ရေကန်များ၊ ရေတိုင်ကီများထဲသို့ အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ဘုရားပန်းအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများကို ဆောင်ရွက်ပေးကာ သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်သည့် အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၅၀၄)



## ပါဠိပထမပြန်စာမေးပွဲကျင်းပနိုင်ရေးအတွက် စာဖြေမည့်ကျောင်းများအား ကွင်းဆင်းစစ်ဆေး

**အမရပူရ မေ ၁၈**

မန္တလေး၊ အမရပူရမြို့နယ်အတွင်း မန္တလေးငလျင်ကြောင့် ဖြေဆိုရက် ရွှေ့ဆိုင်းခဲ့ရသည့် ၂၀၂၅ခုနှစ် ပါဠိပထမပြန် စာမေးပွဲကို ပြန်လည်ကျင်းပနိုင်ရန်အတွက် စာဖြေမည့်ကျောင်းများဖြစ်သည့် မှန်တန်းရပ်ရှိ မန်ကျည်းတော အခြေခံပညာအလယ်တန်းကျောင်းနှင့် ဆင်စွယ်ပွတ်ရပ်ကွက်ရှိ မဟာဂန္ဓာရုံဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ မေ ၁၇ ရက် ညနေ ၃ နာရီက ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ ပါဠိပထမပြန်စာမေးပွဲကို ဇွန် ၄ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ အဆိုပါ စာမေးပွဲ အောင်မြင်စွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တခေမာစာရ (မင်္ဂလာတိုက်)၊ ခရိုင်သာသနာရေးမှူး ဦးအောင်မင်း၊ မြို့နယ်သာသနာရေးမှူး ဦးတင်ကိုကိုဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းတိုးဝင်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**စိုးသီဟ(အမရ)**

*-*-*-*-*

## ငလျင်ဘေးသင့်ပြည်သူများအား ငွေကျပ် ၄၇၂၀ သိန်းကျော်တန်ဖိုးရှိ ဘိလပ်မြေ၊ စားရိက္ခာအစုံနှင့် အလှူငွေများထောက်ပံ့

**ကျောက်ဆည် မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအား မြို့တော်ခန်းမတွင် ယမန်နေ့နံနက် ၂ နာရီခွဲက ကမ္ဘောဇဖောင်ဒေးရှင်းနှင့် ရှမ်းတောင်ပရဟိတညီနောင်များကွန်ရက်မှ ငွေကျပ် ၄၇၂၀ သိန်းကျော်တန်ဖိုးရှိ ဘိလပ်မြေ၊ စားရိက္ခာအစုံနှင့် အလှူငွေများ ထောက်ပံ့ခဲ့သည်။ (ယာပုံ)

ထောက်ပံ့ပေးအပ်ပွဲတွင် ကမ္ဘောဇဖောင်ဒေးရှင်းမှ အထက်မြန်မာပြည်တာဝန်ခံ ဦးတင်ထွန်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ရှမ်းတောင်ပရဟိတညီနောင်များ ကွန်ရက်မှအတွင်းရေးမှူး ဦးအောင်ကြည်ဦးက ထောက်ပံ့လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဘာသာရေးအဆောက်အအုံ ၃၆ လုံးအတွက် ငွေကျပ် ၁၆၁၀ သိန်းတန်ဖိုးရှိ ဘိလပ်မြေ ၇၀၀၀ အိတ်၊ လူနေအိမ်များ လုံးဝပြိုကျပျက်စီးခဲ့သည့် အိမ်ထောင်စု ၁၃၈ စု အတွက် ငွေကျပ် ၇၄ ဒသမ ၅၂ သိန်းတန်ဖိုးရှိ စားရိက္ခာအစုံ၊ ငွေကျပ် ၁၃၈ သိန်းတန်ဖိုးရှိ ဆန်အိတ် ၁၃၈ အိတ်၊ ငွေကျပ် ၁၃၈ သိန်းတန်လဖိုးရှိ ဆီပုံး ၁၃၈ ပုံး၊ အိမ်ထောင် စု တစ်စုလျှင် ငွေကျပ်သိန်း ၂၀ နှင့် ထောက်ပံ့ငွေကျပ် ၂၇၆၀ သိန်း၊ စုစုပေါင်း ငွေကျပ် ၄၇၂၀ ဒသမ ၅၂ သိန်းအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ဒေသခံတစ်ဦးဖြစ်သည့်ဒေါက်တာမျိုးဝဏ္ဏအောင်က ကျောက်ဆည်မြို့တွင် ကျရောက်ခဲ့သည့် ငလျင်ဘေးအခြေအနေများကို ရှင်းလင်းခဲ့ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကာ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**





## တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေး

**မန္တလေး မေ ၁၈**

မန္တလေး၊ မဟာအောင်မြေမြို့နယ်အတွင်း မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများ မီးလောင်ပျက်စီးခဲ့ရသဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ပြန်လည်ဖြေဆိုရမည့် ငလျင်ဒဏ်သင့် ကျောင်းသား၊ ကျောင်းသူများအတွက် အောင်ချက်မြင့်မားရေးနှင့် သင်ယူမှုများ ပိုမိုထိရောက်စေရန်အတွက် မဟာအောင်မြေမြို့နယ် အ.ထ.က (၁၃)ကျောင်းဝင်းအတွင်း၌ ဧပြီ ၂၈ ရက်မှစ၍ Camp (စခန်းသွင်း) ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်နိုင်စေရန် မေ ၁၂ ရက်မှစတင်၍ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးစောင့်ရှောက်မှုများ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုများကို အမှတ်(၁၃) အ.ထ.က ကျောင်း၌ Camp (စခန်းသွင်း)ဖွင့်လှစ်သင်ကြားပေးနေသော ကျောင်းသား၊ ကျောင်းသူ ၁၆ ဦးနှင့် အနီးကပ် စာသင်ကျောင်းသား၊ ကျောင်းသူ ၂၅ ဦးတို့အား ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် အိပ်ဆောင်၊ ထမင်းစားဆောင်၊ ရေချိုးခန်းနှင့် အိမ်သာများအား Chlorine ဆေးဖျန်း၊ ဆေးခတ်ခြင်းနှင့် Aquate ရေသန့်ဆေးပြားများခတ်ခြင်းတို့အား ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၅၆)

သင့်ကျန်းမာရေးအတွက်
နေ့စဉ်လမ်းလျှောက်ပါ။

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ယိုးဒယားကြိုးဖြင့် လူသုံးကုန် ခြင်းရက်လုပ်နည်း သင်တန်းဆင်းပွဲ ကျင်းပ

**မိတ္ထီလာ မေ ၁၈**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ယိုးဒယားကြိုးဖြင့် ခြင်းရက်လုပ်နည်းသင်တန်းဆင်းပွဲကို ယမန်နေ့ နံနက်ပိုင်းက မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်းက သင်တန်းဆင်း အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်စေရန်နှင့် တစ်နိုင်တစ်ပိုင် ကိုယ့်အားကိုယ်ကိုးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်အတွက် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းဖြစ်သော ယိုးဒယားကြိုးဖြင့် လူသုံးကုန် ခြင်းရက်လုပ်နည်းသင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်းနှင့် သင်တန်းသူများက သင်တန်းမှရရှိသော အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး မိမိတို့ဘဝ တိုးတက်ရာ တိုးတက်ကြောင်းအတွက် လက်တွေ့ကျကျအသုံးချကာ မိသားစုစီးပွားရေးကို အထောက်အကူပြုစေနိုင်ရန်အတွက် ဆက်လက်ကြိုးစားသင်ယူကြရန် ပြောကြားခဲ့သည်။

ထို့နောက် သင်တန်းတွင် ဆုရရှိသည့် သင်တန်းသူများအား ဒုတိယညွှန်ကြားရေးမှူးက ဆုများ အသီးသီး ချီးမြှင့်ခဲ့ပြီး မြို့နယ်ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၄၆၉)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

**❖ ဆရာများသည် တပည့်များအား ပညာကို တတ်မြောက်အောင် သင်ကြားပေးကာ အသိအမြင်၊ ဗဟုသုတများရှိအောင် လမ်းညွှန်ပြသရန် လိုအပ်သကဲ့သို့ စည်းကမ်းလိုက်နာတတ်သော နိုင်ငံသားများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန်လိုအပ်ပါသည်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

# မန္တလေးငလျင်ကြီးဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီ ခန့်စည်သူက စားသောက်ဖွယ်ရာများ လှူဒါန်း

နေပြည်တော် မေ ၁၈

မန္တလေးငလျင်ကြီး ဘေးဒဏ်သင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် အဘိမ္မရေ အကယ်ဒမီ ခန့်စည်သူက စားသောက်ဖွယ်ရာများ လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို၊ ဒုတိယဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် အလှူရှင် အကယ်ဒမီခန့်စည်သူနှင့်အဖွဲ့တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် အကယ်ဒမီ ခန့်စည်သူက ငွေကျပ် သိန်းနှစ်ရာတန်ဖိုးရှိ ဆန် ၂၄ ပြည်အိတ် ၅၀၊ ဆီ ၁၀ ပိဿာပုံး ၃၀၊ ရေသန့် ၂၀ လီတာဘူး ၁၀၀၊ ကုလားပဲ ပိဿာ ၆၀၊ ဆားအထုပ် ၂၀၀၊ ခေါက်ဆွဲခြောက်အထုပ် ၁၈၀ ပါ ၄၈ ဖာ၊ ငါးခြောက် ၂၅ ပိဿာ တို့ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်းသိရသည်။

သတင်းစဉ်




## မြန်မာဘောလုံးအကယ်ဒမီများသို့ တက်ရောက်ခွင့်ရရှိသည့် ကျောင်းသားသစ်များ အောင်စာရင်းထုတ်ပြန်၊ စရိတ်ငြိမ်းဖြင့် အတန်းပညာ၊ ဘောလုံးပညာ သင်ယူခွင့်ရရှိမည်

ရန်ကုန်နှင့် မန္တလေးရှိ မြန်မာအမျိုးသားဘောလုံးအကယ်ဒမီများ၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကစားသမား ရွေးချယ်ခြင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)နည်းစနစ်ဒါရိုက်တာ ဂျပန်နိုင်ငံသား မစ္စတာမိတ ဦးဆောင်သည့် နည်းစနစ်အဖွဲ့၊ မြန်မာ့လက်ရွေးစင်ဟောင်းများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ဘောလုံးအဖွဲ့ချုပ်များ၊ ဒေသခံများ ပူပေါင်း၍ မတ်၊ ဧပြီနှင့် မေလတို့တွင် လူငယ် ၁၃၀၀ ကျော်အား အဆင့်ဆင့်ရွေးချယ်မှုများ ပြုလုပ်ခဲ့သည်။



အဆိုပါ ကစားသမားများအား တိုင်းဒေသကြီး၊ ပြည်နယ်များတွင် သွားရောက်ရွေးချယ်ခဲ့ပြီး ပဏာမကစားသမား ၂၀၀ ကျော် ပဏာမအဆင့်သို့ ရွေးချယ်ခံခဲ့ရသည်။ ယင်းနောက် နောက်ဆုံးအဆင့် ရွေးချယ်ပွဲများအား မေလ ၁၃၊ ၁၄၊ ၁၅ ရက်များက ရန်ကုန်မြို့ သုဝဏ္ဏလေ့ကျင့်ရေးကွင်း(၁)တွင် ဆက်လက်ပြုလုပ်ခဲ့သည်။

ရွေးချယ်ရေးအဖွဲ့များသည် ကစားသမားတစ်ဦးစီ၏ အသက်မှန်ကန်မှုရှိရေး၊ ပင်ကိုယ်အရည်အချင်းနှင့် အခြေခံဘောလုံးကျွမ်းကျင်မှုတို့ကို အဆင့်ဆင့်အကဲဖြတ် စစ်ဆေး၍ ရန်ကုန်နှင့် မန္တလေးရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကယ်ဒမီများသို့ တက်ရောက်ခွင့်ရှိသူအောင်စာရင်းအား ထုတ်ပြန်ခဲ့သည်။

အမျိုးသားဘောလုံးအကယ်ဒမီ(ရန်ကုန်)သို့ တက်ရောက်ခွင့်ရရှိသည့် ကစားသမားများအနေဖြင့် မေလ ၂၈ ရက်တွင် အကယ်ဒမီကျောင်းသို့ လာရောက်ဆက်သွယ်ရမည်ဖြစ်ပြီး မန္တလေး အကယ်ဒမီ တက်ရောက်ရမည့် ကျောင်းသားသစ်များ ကျောင်းသို့ လာရောက်ဆက်သွယ်ရမည့်ရက်အား ထပ်မံကြေညာပေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)အား အသစ်ပြန်လည်တည်ဆောက်ရန် ဇေယျာဝတီဖောင်ဒေးရှင်းကူညီမှုဖြင့် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ဇေယျာဝတီဖောင်ဒေးရှင်းအနေဖြင့် မန္တလေးဘောလုံးအကယ်ဒမီတွင်(၂၀၂၅-၂၀၂၆)ပညာသင်နှစ် သက်မှတ်ချိန်အတွင်း စတင်နိုင်ရန် အဆင့်မြင့်ယာယီအဆောက်အအုံတစ်ခုကို အချိန်မီ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

MFF အနေဖြင့် မြန်မာဘောလုံးအကယ်ဒမီများသို့ တက်ရောက်ခွင့်ရရှိသည့် ကျောင်းသားများအတွက် နှစ်စဉ် နေစရိတ်၊ စားသောက်စရိတ်၊ ပညာသင်စရိတ်များအားလုံး အခမဲ့ စီစဉ်ပေးထားကြောင်း သိရသည်။

(NGB)

0-0-0-0-0

0-0-0